# ရတနာပုံ


yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (9-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၂)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်မည်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ၏ အထက်လွှတ်တော်ဥက္ကဋ္ဌ (ယာယီနိုင်ငံတော်အကြီးအကဲ)နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိရာ တာဝန်ရှိသူများနှင့်ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်ပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မောင်စိုင်းသူထွေးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## လေးမျက်နှာမြို့နယ်ရှိ ဝေန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းကို ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်

**ပုသိမ် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်ရှိ ဝေန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သဖြင့် တာတမံအရေးပေါ်ကာကွယ်ရေးလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ရေးလုပ်ငန်းများကို ဩဂုတ် ၄ ရက်မှ

**စာမျက်နှာ ၁၈ ကော်လံ ၁ ❑**

## မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနနှင့် Shanghai University Medical School မှ နှလုံးနှင့် သွေးကြောခွဲစိတ် ပါမောက္ခတို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့



မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနနှင့် Shanghai University Medical School မှ နှလုံးနှင့် သွေးကြောခွဲစိတ် ပါမောက္ခတို့နှလုံးသွေးကြောခွဲစိတ်ကုသမှုများပူးပေါင်းဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ Yida Hospital, Shanghai University Medical School မှ Dr. Feng Wan (Chairman and Professor, Department of Cardiovascular Surgery Center) ဦးဆောင်သော အဖွဲ့ဝင် ငါးဦးပါအဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောခွဲစိတ်ကု ဌာနနှင့် ပူးပေါင်း၍ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်ထိ နှလုံးသွေးကြောပိတ်လူနာ ခြောက်ဦးကို

**စာမျက်နှာ ၁၈ ကော်လံ ၃ ❖**

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝဘေးကြောင့် ဆုံးရှုံးမှုလျော့ပါးစေရေး သတိပြုနေထိုင်ပေး

မိုးရာသီကာလသည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လေ့ရှိသည့်ကာလဖြစ်သည်။ ထို့ကြောင့် မိုးလေဝသအခြေအနေများကို ကြိုတင်သိရှိပြီး ဘေးအန္တရာယ်ဖြစ်နိုင်သည့် ဒေသများတွင် နေထိုင်သူများအနေဖြင့် သတိပြုကာကွယ်နေထိုင်ကြရန် လိုအပ်သည်။

အထူးသဖြင့် မိုးသည်းထန်စွာရွာသွန်းသည့်အခါ မြစ်၊ ချောင်းများအတွင်း ရေကြီးရေလျှံခြင်း၊ တောင်စောင်းနှင့် ကမ်းပါးတို့တွင် တောင်ပြို၊ မြေပြိုခြင်းတို့ ရုတ်တရက်ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ယခုကာလတွင် ပြည်သူများက မိမိနေထိုင်ရာဒေသ၏ မြေမျက်နှာသွင်ပြင်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေကို ကြိုတင်သိရှိလေ့လာထားရန် အရေးကြီးသည်။ ဘေးအန္တရာယ်ဖြစ်ပေါ်လာချိန်မှသာ ပြင်ဆင်ခြင်းထက် ကြိုတင်ကာကွယ်ပြင်ဆင်ထားခြင်းက အသက်အန္တရာယ်နှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုများကို လျော့နည်းစေနိုင်မည်ဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၆ ရက် ထုတ်ပြန်ချက်အရ စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍မိုးကြီးနိုင်ကြောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်လည်း မိုးသက်လေပြင်းများ ကျရောက်ကာ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကြောင်း၊ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ထိရှိနိုင်ကြောင်း သိရသည်။ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးနှင့် မြစ်ငယ်၊ ချောင်းငယ်များအနီး နေထိုင်သူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုကြရန်အပြင် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း မိုးလေဝသအခြေအနေကို အထူးဂရုပြုရန် အသိပေးနှိုးဆော်ထားသည်။

ထိုသို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်များ ထုတ်ပြန်ပေးနေခြင်းသည် ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သိရှိကာ လိုအပ်သည့်ကာကွယ်ရေးအစီအမံများ ပြင်ဆင်နိုင်ရန်အတွက် ဖြစ်သည်။ ထိုသို့ ပြင်ဆင်ရာတွင် အရေးပေါ်အသုံးအဆောင်များ၊ ဆေးဝါးများ၊ အရေးကြီးစာရွက်စာတမ်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို အလွယ်တကူယူဆောင်နိုင်သည့် နေရာတွင် ကြိုတင်ပြင်ဆင်ထားခြင်း၊ မိုးကြီးချိန်များတွင် မလိုအပ်ဘဲခရီးသွားလာခြင်းကို ရှောင်ကြဉ်ခြင်း၊ ရေကြီးရေလျှံနိုင်သည့် လမ်းများနှင့် ချောင်း၊ မြစ်များအနီးသို့ သွားလာခြင်းမပြုခြင်း၊ မြေပြိုနိုင်သည့် တောင်စောင်းဒေသများမှ ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။

သဘာဝဘေးအန္တရာယ်များကို တားဆီးနိုင်ခြင်းမရှိသော်လည်း ကြိုတင်သတိပြုကာကွယ်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများကို သိသိသာသာလျှော့ချနိုင်သည်။ ထို့ပြင် သတင်းအချက်အလက်များကို အချိန်မီရယူခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ညွှန်ကြားချက်များကို လိုက်နာခြင်းဖြင့် မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ကာကွယ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ သဘာဝဘေးမဖြစ်မီကြိုတင်ပြင်ဆင်ခြင်း၊ ဘေးဖြစ်ချိန်တွင် မှန်ကန်စွာတုံ့ပြန်ခြင်းတို့ဖြင့် သဘာဝဘေးကြောင့် ပြည်သူများ၏ အသက်နှင့်ပိုင်ဆိုင်မှုများဆုံးရှုံးမှုကို သက်သာစေမည်ဖြစ်ပါသောကြောင့် ပြည်သူတိုင်းက သက်ဆိုင်ရာဌာနများ၏ မိုးလေဝသဆိုင်ရာထုတ်ပြန်ချက်များနှင့်အညီ သတိပြုနေထိုင်ကြရန် လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မယ်ဇလီကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၂ ဦးကို ရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၁၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၁၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးပါမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ယခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်၍ ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၃၅၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်တွေက အဝယ်များနေပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေအောင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေါ်ဆွေဆွေအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## ဝမ်းတွင်းမြို့နယ် တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘိုကျေးရွာအုပ်စု တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆၁ ဦးကို ငွေကျပ် ၃၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် တစ်သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

## ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၆၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၆၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၉၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၆၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နေကြာဧက ၇၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာတစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နည်းပညာပေးသင်တန်းများ၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများကို အချိန်မြင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် အမှတ် (၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မိတ္ထီလာ) ဒုတိယရဲမှူး အောင်ကျော်ဇင်တို့က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၉ ဦးတို့က စာစီစာကုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ထန်းတပင်မြို့နယ် မိုးမခကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ထန်းတပင် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုးမခကျေးရွာ၌ သတ္တမအကြိမ် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးနိုင်လင်းကိုက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မိုးမခကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စန္ဒာလွင်**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခူပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခူပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ငါးခူပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးခူပိဿာချိန် ၄၆၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၀ မှ ၃၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငါးခူပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ဝယ်ယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားထဲမှာပါပါတယ်။ လက်ရှိလဲ ငါးခူတွေ ဝယ်ယူမှုကောင်းနေပါတယ်။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးခူကို လက်တလော မှာယူမှုများနေသလို နောက်ထပ်လဲ ဝယ်ယူဖို့ချိတ်ဆက်မှုတွေ ရှိပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက်ငါးခူများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူများ ဝယ်ယူမှု ကောင်းလာသည့်အတွက် ငါးမွေးမြူသူများ၊ ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံကျောက်စာထဲက အမတ်နှင့်သံပျင်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**

လွန်ခဲ့သည့် နှစ် ၁၀၀၀ ခန့်က ထွန်းကားခဲ့သည့် ပုဂံကို သမုဒ္ဒရာဇ်မင်းက ပျူ ၁၉ ရွာကို စုစည်းတည်ထောင်ခဲ့သော်လည်း အနိရုဒ္ဓ(အနော်ရထာမင်း) လက်ထက်ရောက်မှ အရိမဒ္ဒနပြည်ဟု ပေါ်ထွန်းခဲ့သည်။ အနိရုဒ္ဓသည် ပုဂံဘုရင်ဖြစ်လာခဲ့ချိန်မှစ၍ ပုဂံမြို့ပြနိုင်ငံကို ခိုင်မာအောင် ဦးစွာလုပ်ဆောင်ခဲ့သည်။

တိုင်းပြည်အေးချမ်းပြီး ငြိမ်းချမ်းသာယာမှုရှိမှသာ နိုင်ငံစည်ပင်ဖွံ့ဖြိုးတိုးတက်အောင် ရှက်ဆောင်နိုင်မည်ဖြစ်ကြောင်း ကောင်းစွာသိရှိခဲ့သည့် ဘုရင်အနိရုဒ္ဓသည် ဘာသာ၊ သာသနာနှင့်ပါ နိုင်ငံကိုထိန်းကွပ်ခဲ့သည်။ အနိရုဒ္ဓမင်းသည် ပုဂံကို မဏ္ဍိုင်သုံးရပ်အပေါ်တွင် အခြေတည်ကာ တည်ဆောက်ခဲ့သည်ဟု မြန်မာသမိုင်းပညာရှင် ဒေါက်တာတိုးလှက သုံးသပ်ခဲ့သည်။ ထိုမဏ္ဍိုင်သုံးရပ်သည် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဘာသာရေးမဏ္ဍိုင်နှင့် စီးပွားရေးမဏ္ဍိုင်တို့ဖြစ်သည်။ ထို့ကြောင့် အနိရုဒ္ဓတည်ဆောက်ခဲ့သည့် ပုဂံသည် ၁၀၄၄ ခုနှစ်မှ ၁၃၆၈ ခုနှစ်ထိ နှစ် ၃၀၀ ကျော် သက်တမ်းရှည်ကြာခဲ့ပေသည်။

**ပုဂံအုပ်ချုပ်ရေးစနစ်**

ပုဂံထွန်းကားချိန်သည် ပဒေသရာဇ်ခေတ်ဖြစ်သောကြောင့် ဧကရာဇ်ဘုရင်သည် အာဏာအားလုံးကို ချုပ်ကိုင်ပိုင်ဆိုင်သူဖြစ်သည်။ ပုဂံမင်းသည် သက်ဦးဆံပိုင်ဖြစ်သဖြင့် မင်းအလိုတော်ရှိသမျှကို ဥပဒေဟုယူရကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ရေးသားခဲ့ဖူးသည်။

ဘုရင့်တန်ခိုးကား အတိုင်းအရှည်မရှိ ကြီးလှ၏။ ဘုရင်သည် သက်ဦးဆံပိုင်အဖြစ်ဖြင့် ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ကို စိုးမိုးသည်။ ဘုရင့်ဆွေတော်မျိုးတော်မှအပ သဒ္ဒါသလောက် ချီးမြှောက်သည်ကိုသာ ခံစားကြရသည်။ ရာထူးကိုလိုက်၍ လူ့အဆင့်အတန်းကိုခွဲခြားရာသည်။ ရာထူးကိုလည်း မင်းကပေးသဖြင့် မင်းမလိုချင်လျှင် ချက်ချင်းရုပ်သိမ်းခံရမည်ဖြစ်သည် စသည်ဖြင့် ရေးသားဖော်ပြထားသည်။

နိုင်ငံတွင် မင်းသည် အရေးအပါဆုံးပုဂ္ဂိုလ်ဖြစ်သော်လည်း နိုင်ငံအုပ်ချုပ်ရေးကို မင်းတစ်ပါးတည်းက ဆောင်ရွက်၍ မရချေ။ နိုင်ငံကျယ်ဝန်းလာသည်နှင့်အမျှ မင်း၏အုပ်ချုပ်ရေးကိုပံ့ပိုးရန် ဝန်နှင့် အရာရှိများကို ခန့်အပ်ကာ အုပ်ချုပ်မှုအာဏာကို အဆင့်ဆင့် ခွဲဝေပေးရသည်။

ထို့အတူ ရွာအလိုက်၊ နယ်အလိုက်၊ မြို့အလိုက်၊ ခရိုင်အလိုက်၊ တိုက်အလိုက်၊ တိုင်းအလိုက် ရှိကြသည့် အကြီးအကဲများကို အုပ်ချုပ်ရေးတာဝန်များကို ပေးအပ်ရပေသည်။ ၎င်းတို့သည် မှူးမတ် ဗိုလ်ပါများနှင့် ကလန်သံပျင်များဖြစ်ကြသည်။

**ပုဂံအမတ်ကြီးများ**

ပုဂံခေတ်ထိုးကျောက်စာများတွင် အမတ်ဟူသည့် အသုံးအနှုန်းကို အမတျာ၊ အမတျာကြီ၊ အမတ္တျာ၊ အမတ်၊ အမတ်တျာကြီဟု တွေ့ရှိရသည်။

ဒေါက်တာတိုးလှ၏ ဖော်ထုတ်ချက်အရ ပုဂံကျောက်စာများတွင် အမတ်ကြီး ၅၂ ဦး၏ အမည်များကို တွေ့ရှိရသည်။ ထိုအမတ်ကြီးများစာရင်းကို သက္ကရာဇ် ၄၄၄ ခုတွင် ရေးထိုးသည့် အမတ်သမန်ဘတြာ ကျောက်စာ စာကြောင်း (၆) နှင့် (၇) တွင် စည်သူမင်းကြီးအမတ် ဟန်လင်းမင်း သမန်ဘတ်တျတြာ ဟု ပထမဆုံးတွေ့ရှိရသည်။ ထိုကျောက်စာသည် ရွှေဘိုခရိုင်၊ ဟန်လင်းကြီးရွာ၊ ရွှေဂူဘုရားအရှေ့တောင်ဘက်ရှိ ရွှေပန်းတော်ဘုရား၌ တည်ရှိကြောင်း ကျောက်စာကိုရေးကူးခဲ့သူ ဦးငြိမ်းမောင်က ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်၊ ပထမတွဲတွင် ဖော်ပြထားသည်။

သို့သော် ကျောက်စာရေးထိုးသည့် ၄၄၄ ခုနှစ်သည် စောလူးမင်း (၁၀၇၇-၁၀၈၄) နန်းစံချိန်ဖြစ်သဖြင့် ထိုအချိန်တွင် စည်သူမင်းကြီး နန်းမတက်ရသေးချေ၊ ထို့ကြောင့် ကျောက်စာပါ စည်သူမင်းကြီးအမတ်ဟူသည့် စာသားသည် စဉ်းစားဖွယ်ဖြစ်နေခဲ့သည်။

အမတ်ကြီးအမည်ပါရှိသည့် နောက်ဆုံးကျောက်စာသည် သက္ကရာဇ် ၆၅၅ ခုနှစ်တွင် ရေးထိုးသည့် အမတ်ကြီး သီရိရာဇသင်္ကြံကျောက်စာဖြစ်သည်။ ထိုကျောက်စာသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင်အမှတ် (၇၂) ဖြစ်သည်။ ကျောက်စာ စာကြောင်း (၂) တွင် ဩရာဇသင်ကြံမည်သောအမတ်ကြီဟုရေးထိုးထားသည်။

**❖ ပုဂံခေတ် အုပ်ချုပ်ရေးစနစ်တွင် တာဝန်ထမ်းဆောင်သည့် ရာထူးအဆင့်ဆင့်၌ ကလန်သံပျင်များလည်းပါဝင်ခဲ့သည်။ သံပျင်သည် ကျေးရွာကိုအုပ်ချုပ်သူဖြစ်၍ ကလန်သည် ကလန်အမတ်၊ ရွာကို အုပ်ချုပ်သူဟုဆိုလိုသည်။ ကျန်စစ်သားမင်းသည်ပင် ကလန်စစ်သားဖြစ်၍ ကျေးရွာဒေသတစ်ခုတွင် အကြောင်းခြင်းရာတစ်ခုခု ကို စစ်ဆေးရသူဟုလည်း ဆိုသည်။ သမိုင်းပညာရှင် ဒေါက်တာ သန်းထွန်းက ကလန်သည် အခွန်အကောက်နှင့် မှုခင်းစစ်ဆေးသူ ဖြစ်နိုင်ကြောင်း ယူဆခဲ့သည်။ ❖**

ပုဂံခေတ် အမတ်ကြီးများသည် ဘုရင့်အနီးတွင် နေကြရကာ ဘုရင်ပေးသည့်တာဝန်များကို ထမ်းရွက်ကြရသော်လည်း မည်သည့်လုပ်ငန်း၊ မည်သည့်ဌာနကို တာဝန်ခံဆောင်ရွက်ရမည်ဟု သီးသန့်သတ်မှတ်ချက်မရှိခဲ့ပေ။ အမတ်ကြီးများအများဆုံးဆောင်ရွက်ရသည့် တာဝန်သည် စစ်ရေး၊ တရားစီရင်ရေး၊ အခွန်တော်ရေးနှင့် သာသနာရေး ကိစ္စရပ်များဖြစ်ကြောင်း တွေ့ရှိနိုင်သကဲ့သို့ အမတ်ကြီးများ၏ ရာထူးသက်တမ်းကို သတ်မှတ်ပေးထားခြင်းမရှိချေ။

**ပုဂံခေတ် ကလန်နှင့် သံပျင်**

ပုဂံခေတ် အုပ်ချုပ်ရေးစနစ်တွင် တာဝန်ထမ်းဆောင်သည့် ရာထူးအဆင့်ဆင့်၌ ကလန်သံပျင်များလည်း ပါဝင်ခဲ့သည်။ သံပျင်သည် ကျေးရွာကိုအုပ်ချုပ်သူဖြစ်၍ ကလန်သည် ကလန်အမတ်၊ ရွာကိုအုပ်ချုပ်သူဟု ဆိုလိုသည်။ ကျန်စစ်သားမင်းသည်ပင် ကလန်စစ်သားဖြစ်၍ ကျေးရွာဒေသတစ်ခုတွင် အကြောင်းခြင်းရာတစ်ခုခုကို စစ်ဆေးရသူဟုလည်း ဆိုသည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ကလန်သည် အခွန်အကောက်နှင့် မှုခင်းစစ်ဆေးသူ ဖြစ်နိုင်ကြောင်း ယူဆခဲ့သည်။

အမတ်ကြီးများလောက် ရာထူးမကြီးသော်လည်း ကလန်နှင့်သံပျင်များသည် တာဝန်ပေးအပ်ထားသည့် ရွာများကို အုပ်ချုပ်ရသည့် အမတ်ငယ်များဖြစ်သည်။ သံပျင်ကို သံပျင်၊ သန်ပျင်၊ သံပျာင် ဟု ရေးထိုးသကဲ့သို့ ကလန်အမတ်ကို ကလန်ဟု ကျောက်စာများတွင် ရေးထိုးသည်။

ကလန်သံပျင်သည် မွန်စကား ကလန်သဲမ်ဗေင်မှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်သည်။ ကလန်သည် သံပျင်လောက် အဆင့်မမြင့်ဟု ယူဆကြသည်။ သံပျင်များသည် ပုဂံခေတ် မင်းမှုထမ်းများအနက် ထိပ်ဆုံးနေရာတွင် မရှိခဲ့သော်လည်း အလယ်အလတ်တန်း မင်းမှုထမ်းများဖြစ်မည်ဟု ခန့်မှန်းကြသည်။

ပုဂံ အမတ်ကြီးများသည် အလှူကောင်းမှုများပြုလုပ်ကာ ကျောက်စာများရေးထိုးခဲ့ကြသကဲ့သို့ သံပျင်တချို့ကလည်း မိမိတို့အလှူကို မှတ်တမ်းပြုကာ ကျောက်စာများ ရေးထိုးခဲ့ကြသည်။

**သံပျင်များ၏ အလှူကျောက်စာ**

ပုဂံ၊ မင်းနန်သူရွာမြောက်ဘက်တွင်တည်ရှိသည့် ဝိနည်းဓိုရ်ဘုရားစုတွင် ဘုရားကုန်း သုံးခုအပါအဝင် အဆောက်အအုံ ၂၁ ခုရှာ ထိုဘုရားစုမှ ရရှိခဲ့သည့် ကျောက်စာ ခြောက်ချပ်တွင် သံပျင်များအလှူကျောက်စာတစ်ချပ် ပါဝင်သည်။ ထူးခြားသောထိုကျောက်စာသည် ၅၃ နှစ်ကျော်ကာလအတွင်း သံပျင်ခြောက်ဦး ပြုလုပ်ခဲ့သည့် အလှူစာရင်းမှတ်တမ်းဖြစ်သည်။ ထိုကျောက်စာကို မြန်မာတိုင်းရင်းကျောက်စာများစာအုပ် (တတိယတွဲ)တွင် ဖော်ပြထားရာ စာကြောင်း ၂၈ ကြောင်းပါရှိသည်။

ကျောက်စာပထမပိုင်းတွင် သံပျင်ကြည်စင်လင်မယားက သက္ကရာဇ် ၅၈၃ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်၊ သောကြာနေ့တွင် ပိဋကသုံးပုံကို ရေးကူးလှူဒါန်းမှုကို ဖော်ပြထားသည်။ ထိုအချိန်သည် နားတောင်းများမင်း(၁၂၁၁-၁၂၃၁) နန်းတက်ပြီး ၁၀ နှစ်အကြာဖြစ်သည်။

အလှူရှင်သံပျင်လင်မယားသည် သခင်ဝိနည်းဓိုရ်ကို အိမ်သို့ပင့်ဖိတ်ပြီး ပိဋကတ်တော်များလှူဒါန်းခဲ့သည်။ သခင် ဝိနည်းဓိုရ်သည် ရဟန်းသံဃာဝိနိစ္ဆယအမှုအခင်းများကို ဝိနည်းကျမ်းနှင့်အညီ အဆုံးအဖြတ်ပေးသည့် ဆရာတော်ဖြစ်သည်။ ထို့ကြောင့် သံဃာ့အရေးကိစ္စများကိုဖြေရှင်းရာတွင် အထောက်အပံ့ ဖြစ်စေရန် ပိဋကတ်တော်များကို လှူဒါန်းခြင်းဖြစ်နိုင်သည်ဟု ယူဆရပေသည်။

သံပျင်လင်မယား၏ အလှူစာရင်းတွင် လယ်ပယ် ၂၀ နှင့် ကျွန်အမျိုးသား ၁၀ ယောက်ကိုလည်း လှူဒါန်းခဲ့သည်။ လယ်ပယ် ၂၀၊ ကျွန် ၁၀ ယောက်ဖြစ်သဖြင့် ကျွန်တစ်ယောက်လျှင် လယ် ၂ ပယ် တာဝန်ယူလုပ်ကိုင်ရသည့် သဘောဖြစ်မည်ဟု ယူဆရပေသည်။

ကျောက်စာပါ ဒုတိယအလှူရှင်သည် သံပျင်ရွှေညောင်၏မြေး ငါညောင်သင်ဖြစ်သည်။ ငါညောင်သင်သည် နရသိင်္ခဥဇ္ဇနာမင်း(၁၂၃၁-၁၂၃၅)လက်ထက်၊ သက္ကရာဇ် ၅၉၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ ကြာသပတေးနေ့တွင် သခင်ဝိနည်းဓိုရ်ကျောင်းတွင်ရှိသော ဘုရားကို လယ်မြေများလှူဒါန်းခဲ့သည်။ ထိုလယ်များသည် မြားပစ်တောင်အနောက်ဘက်ရှိ သံပျင် ငါရစ်သင်၏ မြေစာရင်းတွင်ပါရှိသော လယ်ပယ် ၃၀နှင့် မန်ကျည်းတိမ်အရှေ့ဘက်ရှိ သံပျင်ဗိသနော၏ မြေစာရင်းထဲမှ လယ်ပယ် ၂၀၊ စုစုပေါင်း ပယ် ၅၀ ဖြစ်သည်။

တတိယအလှူရှင်ဖြစ်သည့် သံပျင်ကောင်စင်သည် သက္ကရာဇ် ၅၉၈ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ တနင်္လာနေ့တွင် ဂူဘုရားတစ်ဆူ (ပုဂံစေတီပုထိုးအမှတ် ၆၄၇) ကို တည်ဆောက်လှူဒါန်းခဲ့သည်။ ထိုအချိန်သည် ကျစွာမင်း (၁၂၃၅-၁၂၄၉) လက်ထက်ဖြစ်သည်။ အလှူရှင်က ဂူဘုရားကို အလုပ်အကျွေးပြုရန် ပုရန်ကြီးနှင့် ပုရန်ငဲ အမည်ရှိ ကျွန်ညီအစ်ကိုနှစ်ယောက်နှင့် မြင်းခုန်တိုင်ရွာ အရှေ့တောင်ထောင့်၊ လပတ်ရွာ အရှေ့တောင်ဘက်မှ လယ်ပယ် ၇၀ ကို လှူဒါန်းခဲ့သည်။

ဝိနည်းဓိုရ်ကျောင်းတိုက်၏ စတုတ္ထအလှူရှင်ဖြစ်သည့် သံပျင်ကဂ်ဝိကြံနှင့် မယားသည် သက္ကရာဇ် ၆၀၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ကုလားကျောင်းတစ်ခု(ပုဂံစေတီပုထိုးအမှတ် (၆၄၆)ကို တည်ဆောက်လှူဒါန်းခဲ့သည်။

ဝိနည်းဓိုရ်ကျောင်းတိုက်၏ ပဥ္စမအလှူရှင် သံပျင်သည် ကဂ်ဝိကြံနှင့် မယားပင်ဖြစ်သည်။ အလှူရှင် လင်မယားသည် ကုလားကျောင်းတည်ဆောက်လှူဒါန်းပြီး ၁၄ နှစ်အကြာ၊ ဥစ္စနာမင်း (၁၂၄၉-၁၂၅၆)လက်ထက်၊ သက္ကရာဇ် ၆၁၅ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်၊ ကြာသပတေးနေ့တွင် ဂူဘုရားတစ်ဆူကို ထပ်မံတည်ဆောက်ပြီး ကျွန် ၁၀ ယောက်ကိုဘုရားသို့ လှူဒါန်းခဲ့သည်။ သို့သော် ကျွန်ကိုးယောက်အမည်ကိုသာ ရေးထိုးထားသည်။ အလှူရှင်လင်မယားသည် သရပိုယ်၊ သခင်ဝိနည်းဓိုရ်ကျောင်းသို့လည်း လယ်မြေ ၄၁၂ ပယ်ခွဲကို သီးခြားလှူဒါန်းခဲ့သည်။

ဆဋ္ဌမအလှူရှင်သံပျင်သည် ကဂ်ဝိကြံမယားဖြစ်သည်။ အလှူရှင်က ငါရစ်သင်၏ မယားသေဆုံးသဖြင့် နရသီဟပတေ့မင်း (၁၂၅၆-၁၂၈၇) လက်ထက်၊ သက္ကရာဇ် ၆၃၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၁ ရက်၊ အင်္ဂါနေ့တွင် လယ်များကို လှူဒါန်းခဲ့ပြန်သည်။ လှူဒါန်းသည့် လယ်စုစုပေါင်းသည် ၅၅ ပယ်ဖြစ်၍ မြားပစ်တောင်အနောက်ဘက်မှ လယ်ပယ် ၃၀ နှင့် ကြက်စိမ်းရွာအရှေ့၊ ငံစွန်ရွာတောင်၊ မြောင်းကြီးအရှေ့ဘက်မှ လယ် ၂၅ ပယ်ဖြစ်သည်။

ဝိနည်းဓိုရ် လေးမျက်နှာဂူဘုရားတွင်ရှိသည့် ထိုကျောက်စာသည် သက္ကရာဇ် ၅၈၃ ခုနှစ်မှ သက္ကရာဇ် ၆၃၆ ခုနှစ်ကြား ၅၃ နှစ်ကျော်ကာလ တွင် သံပျင်မိသားစုများက ခြောက်ကြိမ်တိုင် ပြုခဲ့သည့် အလှူမှတ်တမ်းကျောက်စာဖြစ်သည်။ သံပျင်များ၏ လှူဒါန်းမှုအစုစုတွင် ပိဋကတ်ရေးကူးခြင်း၊ လယ်များလှူခြင်း၊ ဂူဘုရားတည်ခြင်း၊ ကုလားကျောင်းတည်ခြင်း၊ လယ် ၆၂၂ ပယ်ခွဲနှင့် ကျွန် ၂၂ ယောက်ပါဝင်ခဲ့သည်။

ပုဂံဘုရင်ငါးပါးလက်ထက်တွင် သံပျင်များ အလှူကောင်းမှုပြုခဲ့ သည့် ဝိနည်းဓိုရ်ကျောင်းသည် သံပျင်အဆက်ဆက်ကိုးကွယ်ခဲ့သည့် သခင်ဝိနည်းဓိုရ် သီတင်းသုံးခဲ့သည့်ကျောင်းဖြစ်ကြောင်း ကျောက်စာအထောက်အထားများအရ မှန်းဆရသည်။ ထိုကျောက်စာကို သက္ကရာဇ် ၆၃၆ ခုနှစ် နောက်ပိုင်းတွင် ရေးထိုးခဲ့ခြင်းဖြစ်၍ ရှေ့ကသံပျင်များပြုခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုကို နောက်ဆုံးအလှူရှင်က မှတ်တမ်းတင်ရေးထိုးခဲ့ဟန်ရှိကာ ပုဂံကျောက်စာများအနက် ထူးခြားသောကျောက်စာ တစ်ချပ်ဖြစ်ပေသည်။

**ကိုးကား**

- မြန်မာတိုင်းရင်းကျောက်စာများ (တတိယတွဲ)
- တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ (ဒေါက်တာသန်းထွန်း)
- ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း (ဒေါက်တာတိုးလှ)
- ရှေးမြန်မာကျောက်စာလေ့လာချက် အတွဲ(၄)(နီတွတ်)

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၆၉၃၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပုလဲ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၆၉၃၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၆၉၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပုလဲမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၁၆၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်ကပြောပြသည်။

ယခုနှစ် ပုလဲမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

(၂၀၆)

## ဟသ်ာတမြို့နယ်တွင် ငါးနုသန်းများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ငါးနုသန်းများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ် ငါးဈေးကွက်တွင် ငါးနုသန်းများ ယခုနှစ် စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငါးနုသန်းများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



"လက်ရှိ ငါးနုသန်းတွေအဝယ်လိုက်နေပါတယ်။ အခြားဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေတာဖြစ်ပါတယ်။ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးနုသန်းတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဟသ်ာတမြို့နယ်ကနေ အခြားဒေသတွေကို ပိဿာချိန်များများ တင်ပို့နေရလို့ အရောင်းအဝယ်ကောင်းနေတာပါ။ အခုလို အရောင်းအဝယ် ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေအားလုံး အလုပ်အကိုင်အဆင်ပြေနေပါတယ်"ဟု ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ငါးနုသန်း တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## ချစ်မိုးရွာချင်ပါသေးသည်

\- အရွာခက်သည်
ပြာညက်ထုံသင်း ဂုဏ်သတင်းနှင့်
ပန်းမင်းကြွေမည် စိုးသည်မို့။

\- အလာခက်သည်
မြရွက်လွှမ်းခြုံ ဆန်းရဂုံဝယ်
ပန်းဂုဏ်ပျက်မည် စိုးသည်မို့။

\- ရန့်ချိုအေး ဘယ်သို့မွှေးအောင်
အသွေးနီမြန်း ဘယ်ပုံဆန်းအောင်
ဝမ်းပန်းတသာ မြမေတ္တာဖြင့်
ရွာခဲ့ချင်သည် အိုနှင်းဆီရဲ့
လာခဲ့ချင်သည် အိုနှင်းဆီရဲ့
ပန်းသည်မိုးကို လို မလိုနှင့်
မိုးကို ပန်းက တ မတ အား
ဒိဋ္ဌသေချာ မသိပါသော်
မိုးမှာသူ့ကြောင့် တစ်ရေးမှောင့်၍
တွေးကြောင့်ပူဗျာ စိုးမိပါသည်
ရွာမှ ရွာသင့်ပါ့မလား
လာမှ လာသင့်ပါ့မလား
ပန်းပွင့်ချိန်ပင် လွန်ပြီလား။

\- အို…ရာသီမလင့် အခွင့်မဆုံး
မုန်းမာန်မပျိုး ပန်းမည့်ုးလျှင်
ချစ်မိုး ရွာချင်ပါသေးသည်။ ။

မြင်းမူမောင်နိုင်မိုး

## သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သနပ်ပင် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကိုက်ကျေးရွာအုပ်စု အနီးကိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အနီးကိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၇၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၄၇၉ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၅၀ ထုတ်ချေးပေးထားကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

နွံ့ယဉ်

# နယူးမက္ကဆီကို ပြည်နယ်ကို အမည်ပြောင်းရေး အကြံပြုချက် သမ္မတဒေါ်နယ်ထရမ့် ထောက်ခံ




ဝါရှင်တန် စက်တင်ဘာ ၈

နယူးမက္ကဆီကို ပြည်နယ်ကို နယူးအမေရိက ပြည်နယ်ဟူ၍ အမည်ပြောင်းလဲမည့် အကြံပြုချက်များကို မိမိထောက်ခံကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာ ၇ ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် စက်တင်ဘာ ၇ ရက်တွင် နယူးမက္ကဆီကို ပြည်နယ်ကို နယူးအမေရိက ပြည်နယ်အဖြစ် အမည်ပြောင်းလဲထားသော အမေရိကန်မြေပုံများကို ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ ဖော်ပြခဲ့သည်။

အလားတူ နယူးမက္ကဆီကိုပြည်နယ်ကို နယူးအမေရိကပြည်နယ်အဖြစ် ပြောင်းလဲရေးအကြံပြုချက်များကို မိမိအနေဖြင့် ထောက်ခံကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

မက္ကဆီကိုနိုင်ငံနှင့် ကုန်သွယ်ရေး ဆွေးနွေးပွဲများ ကျင်းပနေချိန်တွင် နယူးမက္ကဆီကို ပြည်နယ်အမည် ပြောင်းလဲရေး လှုပ်ရှားမှုကို သမ္မတဒေါ်နယ်ထရမ့်က အားပေး မြှင့်တင်လာခြင်း ဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့် အစိုးရသည် လွန်ခဲ့သည့်လကလည်း နယူးယောက်ပြည်နယ်နှင့် ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်တို့ ကြားရှိ လိတ်ခ်အွန်တေရီယို ရေအိုင်ကို လိတ်ခ်အမေရိက ရေအိုင်ဟူ၍ အမည်ပြောင်းလဲခဲ့ကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

# ဆော်ဒီအာရေဗျကို ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့ တိုက်ခိုက်

ရီယာ့ဒ် စက်တင်ဘာ ၈

ယီမင်နိုင်ငံအခြေစိုက် အီရန် ကျောထောက်နောက်ခံပြု ဟူသီ လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဆော်ဒီအာရေဗျနိုင်ငံ အနေဖြင့် စွမ်းအင်လုပ်ငန်းအချို့၌ လုပ်ငန်းလည်ပတ်မှုများကို ယနေ့တွင် ရပ်ဆိုင်းထားရကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့သည် စက်တင်ဘာ ၇ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ အယ်လ်ဝါဒီရာ နယ်စပ်ဒေသရှိ ကုန်တင်ယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဟူသီ လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် လူဦးရေ ၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီအာရေဗျ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့၏ အဆိုပါတိုက်ခိုက်မှုကို အရှေ့အလယ်ပိုင်း ဒေသအတွက် အန္တရာယ်ကြီးမားသည့် လုပ်ရပ်အဖြစ် ဆော်ဒီအာရေဗျ တာဝန်ရှိသူများက ဝေဖန်ပြောကြားထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးအခြေအနေတင်းမာနေချိန်တွင် ဟူသီလက်နက်ကိုင်အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံကို ဟူသီလက်နက်ကိုင်အဖွဲ့က တိုက်ခိုက်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ယနေ့တွင် ရေနံစိမ်းဈေးနှုန်းများမြင့်တက်လာခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် တစ်လကြာ ရပ်ဆိုင်းထားသည့် စစ်ရေးအရ အပြန်အလှန်တိုက်ခိုက်မှုများကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပြန်လည်စတင်ခဲ့ကြောင်းသိရသည်။

Ref : RT

Trs : KKO

# ကန်ကွန်း ဖျက်သင်္ဘောတပ်တော်ဝင်ပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင် တက်ရောက်



ပြုံယမ်း စက်တင်ဘာ ၈

မြောက်ကိုရီးယားရေတပ်သည် ကန်ကွန်း ဖျက်သင်္ဘောသစ်ကို စက်တင်ဘာ ၆ ရက်တွင် တပ်တော်ဝင်ပွဲ ကျင်းပခဲ့ရာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက စက်တင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့ သုံးနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်နေချိန်တွင် ကန်ကွန်းဖျက်သင်္ဘောသစ်ကို မြောက်ကိုရီးယားနိုင်ငံက တပ်တော်ဝင်ခဲ့ခြင်း ဖြစ်သည်။

ရန်သူများ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်ရေးအတွက် မှီခိုအားပြုနိုင်သော နျူကလီးယားလက်နက်အရံအတားစနစ်ကို တည်ဆောက်ရန် ကန်ကွန်း ဖျက်သင်္ဘောသစ် တပ်တော်ဝင်ပွဲ၌ မြောက်ကိုရီးယားခေါင်းဆောင်က တိုက်တွန်းပြောကြားခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ် ဇွန်လကလည်း ချိုဟွန်း ဖျက်သင်္ဘောသစ်ကို တပ်တော်ဝင်ပွဲကျင်းပခဲ့ပြီးဖြစ်သည်။

တန်ချိန် ၅၀၀၀ ရှိ ကန်ကွန်း ဖျက်သင်္ဘောနှင့် ချိုဟွန်းဖျက်သင်္ဘောတို့သည် သမားရိုးကျ လက်နက်များနှင့် နျူကလီးယား လက်နက်များ သယ်ဆောင်နိုင်သည်ဟု မြောက်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref : RT

Trs : KKO

# စိန့်ပီတာစဘတ်မြို့ရှိ ဂျာမနီကောင်စစ်ဝန်ချုပ်ရုံးပိတ်သိမ်းရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန စီစဉ်ထား

မော်စကို စက်တင်ဘာ ၈

စိန့်ပီတာစဘတ်မြို့ရှိ ဂျာမနီကောင်စစ်ဝန်ချုပ်ရုံးကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ရုရှားအစိုးရက စက်တင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘွန်းမြို့ရှိ ရုရှားကောင်စစ်ဝန်ရုံးနှင့် ဘာလင်မြို့ရှိ ရုရှားယဉ်ကျေးမှုဗဟိုဌာနတစ်ခုကို ပိတ်သိမ်းမည့် ဂျာမနီအစိုးရ၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် စိန့်ပီတာစဘတ်မြို့ရှိ ဂျာမနီကောင်စစ်ဝန်ချုပ်ရုံးကို ပိတ်သိမ်းရန်စီစဉ်ထားခြင်း ဖြစ်ကြောင်း ရုရှားအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

လိုက်ပဇစ်-ဟေးလ်နိုင်ငံတကာ လေဆိပ်၌ ဖောက်ခွဲရေးပစ္စည်း တပ်ဆင်ထားသော မောင်းသူမဲ့ ဒရုန်းယာဉ်တစ်စင်း တွေ့ရှိမှုနှင့် ပတ်သက်၍ ဂျာမနီအစိုးရက ရုရှားနိုင်ငံကို ဝေဖန်ပြောကြားထားသည်။

ထို့ပြင် အဆိုပါမောင်းသူမဲ့ ဒရုန်းယာဉ်ကိစ္စကို အကြောင်းပြု၍ ဘွန်းမြို့ရှိ ရုရှားကောင်စစ်ဝန်ရုံးနှင့် ဘာလင်မြို့ရှိ ရုရှားယဉ်ကျေးမှုဗဟိုဌာနတစ်ခုတို့ကို ပိတ်သိမ်းရန် ဂျာမနီအစိုးရကစီစဉ်ထားသည်။

သို့ဖြစ်ရာ ဂျာမနီအစိုးရ၏ အဆိုပါ လုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် စိန့်ပီတာစဘတ်မြို့ရှိ ဂျာမနီကောင်စစ်ဝန်ချုပ်ရုံးကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်အရ စိန့်ပီတာစဘတ်မြို့ရှိ ဂျာမနီကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် စက်တင်ဘာ ၂၈ ရက်နောက်ဆုံးထား၍ ပိတ်သိမ်းရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင်း ပစ်မှတ်များကို ရုရှားတပ်မတော် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်



မော်စကို စက်တင်ဘာ ၈

ရုရှား လက်နက်ကိုင်တပ်များက ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ယနေ့နံနက်ပိုင်းတွင် မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် အမေရိကန်သံတမန်များ၏ ယူကရိန်းခရီးစဉ်အတွက် လေကြောင်းတိုက်ခိုက်မှုများ ယာယီရပ်ဆိုင်းပေးထားပြီးနောက် ယနေ့တွင် ကီယက်ဗ်မြို့ကို ပြန်လည်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ရုရှားတပ်များ၏ တိုက်ခိုက်မှုများကြောင့် ကီယက်ဗ်မြို့တွင်း၌မီးလောင်မှုများ ဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့ကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့သည် စက်တင်ဘာ ၅ ရက်တွင် မော်စကိုမြို့၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ကီယက်ဗ်မြို့၌ ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အမေရိကန် အထူးသံတမန်များ၏ အဆိုပါခရီးစဉ်ကာလအတွင်း ရုရှားနိုင်ငံသည် ကီယက်ဗ်မြို့ကို လေကြောင်းတိုက်ခိုက်မှုများ ယာယီရပ်တန့်ပေးထားသည်။

ယနေ့တွင် ကီယက်ဗ်မြို့တွင်းရှိ ယူကရိန်းစစ်ရေးပစ်မှတ်များနှင့် ထောက်ပို့ပစ်မှတ်များကို မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဘာလစ်စတစ်ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်အမျိုးသားအာကာသအေဂျင်စီက အခြားကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ အာကာသဟင်းလင်းပြင်အတွင်း ဂြိုဟ်တုကွန်ရက်တစ်ခုတည်ဆောက်ရန်စီစဉ်



**ပေကျင်း စက်တင်ဘာ ၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အခြားကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ ကမ္ဘာဂြိုဟ်-လ အာကာသ ဟင်းလင်းပြင်အတွင်း ဂြိုဟ်တုကွန်ရက်တစ်ခု တည်ဆောက်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ အန်ဟွီးပြည်နယ် ဟီဖိုင်မြို့တော်၌ ကျင်းပခဲ့သည့် နိုင်ငံတကာ အာကာသစူးစမ်းလေ့လာရေးကွန်ဖရင့်(2026)တွင် အထက်ပါအစီအစဉ်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ကြေညာခဲ့ခြင်းဖြစ်သည်။

Cislunar Space အမည်ရှိ အထက်ပါဂြိုဟ်တုကွန်ရက်သည် ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းနှင့် ကမ္ဘာဂြိုဟ်နှင့် ကီလိုမီတာနှစ်သန်းအကွာတွင်တည်ရှိသော အာကာသဟင်းလင်းပြင်အတွင်း ဖြန့်ကြက်တည်ရှိမည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏အဆိုအရ Cislunar Space ဂြိုဟ်တုကွန်ရက်ကို အလေးချိန် ကီလိုဂရမ် ၃၀ ထက်မနည်းသော ဂြိုဟ်တုစင်းရေ ၃၀ ထိပါဝင်မည်ဖြစ်သည်။

Cislunar Space ဂြိုဟ်တုကွန်ရက်အုပ်စုဝင် ဂြိုဟ်တုအားလုံးကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုကွန်ရက်သည် အာကာသပတ်ဝန်းကျင်နှင့် ဂမ်မာရောင်ခြည်ပေါက်ကွဲမှုဖြစ်စဉ်များကို လေ့လာစောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချဆေးများက အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာကိုကုသရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် စက်တင်ဘာ ၈**

GLP-1 အုပ်စုဝင် ကိုယ်အလေးချိန် လျှော့ချဆေးများသည် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ(Sleep Apnea)ကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

Sleep Apnea ပြဿနာကြောင့် အိပ်စက်နေချိန်တွင် လေပြွန်ပိတ်ဆို့မှုကြောင့် မကြာခဏအသက်ရှူရပ်တန့်သွားတတ်သည်။

Sleep Apnea ပြဿနာကြောင့် သွေးတိုးရောဂါ၊ လေဖြတ်မှု၊ ပုံစံ-၂ ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် စိတ်ကျရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်၏ လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင်ဆေးများသည် Sleep Apnea ပြဿနာကို ကုသရာတွင် အထောက်အကူပြုနိုင်သည်။

ပစ်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Sleep Apnea လူနာ ၄၆၉ ဦးတို့ကို GLP-1 အုပ်စုဝင်ဆေးများဖြင့် စမ်းသပ်ကုသခဲ့ရာ စမ်းသပ်မှုတွင်ပါဝင်သော လူနာများ၏ကိုယ်အလေးချိန်ကိုလည်း ငါးပုံတစ်ပုံခန့်ထိ လျှော့ချပေးနိုင်သလို Sleep Apnea ပြဿနာကြောင့် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှု ကြိမ်ရေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# တရုတ်နိုင်ငံ၏ တီယန်ဝန်-၃ မစ်ရှင်က အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများရှင်သန်ခဲ့ဖူးခြင်းရှိ မရှိ သက်သေအထောက်အထားများ ရှာဖွေမည်


**ပေကျင်း စက်တင်ဘာ ၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ဝန်-၃ မစ်ရှင်သည် အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများရှင်သန်ခဲ့ဖူးခြင်းရှိမရှိနှင့်ပတ်သက်၍ သက်သေအထောက်အထားများ ရှာဖွေမည်ဖြစ်ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

ထို့ပြင် တီယန်ဝန်-၃ မစ်ရှင်သည် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများကိုရယူ၍ ကမ္ဘာမြေဆီသို့ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း တီယန်ဝန်-၃ မစ်ရှင်တာဝန်ရှိသူများက ပြောကြားသည်။

တီယန်ဝန်-၃ မစ်ရှင်၏ဦးစီးပေး ရည်မှန်းချက်များကို တရုတ်သိပ္ပံပညာရှင်များက အန်ဟွီးပြည်နယ် ဟီဖိုင်မြို့၌ ကျင်းပခဲ့သော နိုင်ငံတကာ အာကာသစူးစမ်းလေ့လာရေးကွန်ဖရင့်၌ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသားအကာသအေဂျင်စီသည် တီယန်ဝန်-၃ မစ်ရှင်ကို ၂၀၂၈ ခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။



တီယန်ဝန်-၃ မစ်ရှင်သည် လူ့သမိုင်းတစ်လျှောက် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများ ရယူ၍ ကမ္ဘာဆီသို့ ပြန်လည်ပို့ဆောင်ပေးမည့်ပထမဆုံးမစ်ရှင်ဖြစ်လာလိမ့်မည်ဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများကို ရယူထားသော်လည်း ကမ္ဘာမြေပေါ်သို့ ပြန်လည် ပို့ဆောင်ရေးအတွက် အခြားအာကာသ မစ်ရှင်များကို စောင့်ဆိုင်းအသုံးပြုရမည်ဖြစ်သည်။

သို့ရာတွင် တရုတ်အမျိုးသားအာကာသအေဂျင်စီ၏တီယန်ဝန်-၃ မစ်ရှင်ကမူ မစ်ရှင်တစ်ခုတည်းဖြင့် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများကောက်ယူခြင်း၊ ကမ္ဘာဂြိုဟ်ဆီသို့ပြန်လည်ပို့ဆောင်ခြင်း တာဝန်နှစ်ခုစလုံးကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# ပန်ကရိယကင်ဆာရောဂါဆေးသစ်တစ်မျိုးက အဆုတ်ကင်ဆာရောဂါကိုလည်း ကုသနိုင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၈**

ပန်ကရိယကင်ဆာရောဂါကို ကုသရာတွင် အသုံးပြုခွင့်ရရှိထားသော ဆေးဝါးသစ်တစ်မျိုးသည် အဆုတ်ကင်ဆာရောဂါကိုလည်း ကုသပေးနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Daraxonrasib အမည်ရှိ အဆိုပါဆေးသည် အခြားကိုယ်တွင်းနေရာများသို့ ကင်ဆာဆဲလ်များပျံ့နှံ့နေသည့် ပန်ကရိယကင်ဆာရောဂါကို ကုသရေးအတွက် အသုံးပြုခွင့်ရထားပြီးဖြစ်သော ဆေးသစ်တစ်မျိုးဖြစ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များသည် Non-Small Cell Lung Cancer ခေါ် အဆုတ်ကင်ဆာလူနာ ၁၃၆ ဦးတို့ကို Daraxonrasib ဆေးဖြင့် တစ်ကြိမ်လျှင် သီတင်းသုံးပတ်ကြာ စမ်းသပ်ကုသခဲ့သည်။

စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ Daraxonrasib ဆေးသည် Non-Small Cell အဆုတ်ကင်ဆာ လူနာများ၏ ကင်ဆာဆဲလ်များကို ၃၀ ရာခိုင်နှုန်းကျော် လျှော့ချပေးနိုင်သည်ကို တွေ့ရသည်။

ထို့ပြင် Daraxonrasib ဆေးသည် Non-Small Cell ကင်ဆာလူနာများအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အဆုတ်ကင်ဆာရောဂါသည် အမေရိကန်နိုင်ငံနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ အသက်ဆုံးပါးမှုအများဆုံးကင်ဆာရောဂါများထဲတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ဂျာမနီအခြေစိုက် အိုင်ဆာအေရိုစပေ့ကုမ္ပဏီက စပက်ထရမ်ဒုံးပျံကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဘာလင် စက်တင်ဘာ ၈**

ဂျာမနီအခြေစိုက် အိုင်ဆာအေရိုစပေ့ကုမ္ပဏီသည် ၎င်း၏စပက်ထရမ်အမည်ရှိ ဒုံးပျံကို နော်ဝေနိုင်ငံမြောက်ပိုင်း အန်ဒိုယာအာကာသစခန်းမှတစ်ဆင့် စက်တင်ဘာ ၆ ရက်တွင်အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

လွှတ်တင်ပြီး ခုနစ်မိနစ်ခန့်အကြာတွင် စပက်ထရမ်ဒုံးပျံသည် ကမ္ဘာပတ်လမ်းအတွင်း အောင်မြင်စွာဝင်ရောက်ခဲ့ကြောင်း အိုင်ဆာအေရို စပေ့ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရ သည်။

စပက်ထရမ်ဒုံးပျံသည် ဥရောပမြေပေါ်မှ လွှတ်တင်ခဲ့ပြီး ကမ္ဘာပတ်လမ်းအတွင်း အောင်မြင်စွာဝင်ရောက်နိုင်ခဲ့သည့် ပထမဆုံးဒုံးပျံဖြစ်သည်။

စပက်ထရမ်ဒုံးပျံသည် ဒုတိယမြောက်မစ်ရှင်တွင် ကမ္ဘာပတ်လမ်းအတွင်း အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အိုင်ဆာအေရိုစပေ့ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိုင်ဆာအေရိုစပေ့ကုမ္ပဏီသည် စပက်ထရမ်ဒုံးပျံကို ၂၀၂၅ ခုနှစ် မတ်လတွင် ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ဘဲ လွှတ်တင်ပြီး တစ်မိနစ်ခန့်အကြာတွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ပျက်ကျခဲ့ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၉၅ ပေရှိသည့် စပက်ထရမ်ဒုံးပျံသည် အလေးချိန် ပေါင် ၂၂၀၀ (ကီလိုဂရမ် ၁၀၀၀)ရှိသည့် ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# ပြည်ပအဆင့်ပြိုင်ပွဲများကြောင့် မြန်မာလိဂ်ပြိုင်ပွဲကို တစ်လကြာခေတ္တရပ်နားမည်

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲကို ပြည်ပအဆင့်ပြိုင်ပွဲများကြောင့် တစ်လကြာခေတ္တရပ်နားမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့် ဩဂုတ် ၂၈ ရက်က စတင်ကျင်းပခဲ့ပြီး ပွဲစဉ်(၂)အပြီးတွင် ပြိုင်ပွဲဝင်ကလပ်အသင်း နှစ်သင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့၏ ပြည်ပအဆင့် ပြိုင်ပွဲများကြောင့် ပြိုင်ပွဲကို တစ်လကြာရပ်နားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ပွဲစဉ်အဖြစ် လာအိုကလပ် Ezra အသင်းနှင့် ပထမအကျော့ပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက်နှင့် ဒုတိယအကျော့ပွဲစဉ်ကို စက်တင်ဘာ ၁၄ ရက်တို့တွင် အိမ်ကွင်းအဖြစ် သုဝဏ္ဏအားကစားကွင်း၌ လက်ခံကစားရမည်ဖြစ်သကဲ့သို့ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကိုလည်း ဝင်ရောက်ကစားရမည်ဖြစ်သည်။

အလားတူ ရန်ကုန်ယူနိုက်တက်အသင်းသည်လည်း အေအက်ဖ်စီဖလားပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးနောက် ပြိုင်ပွဲကို ဆက်လက်ကစားရမည် ဖြစ်သည့်အတွက် မြန်မာလိဂ်ပြိုင်ပွဲကို တစ်လကြာရပ်နားပြီး လာမည့်အောက်တိုဘာ ၉ ရက်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် ဒဂုံစတားအသင်းက နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ် ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

STA

# အေအက်ဖ်စီဖလားပြိုင်ပွဲ ခြေစစ်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Ezra အသင်းကိုအနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်

**ရန်ကုန် စက်တင်ဘာ ၈**




အေအက်ဖ်စီ ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရရှိခဲ့ကြသော်လည်း နှစ်ဖက်အသင်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၆၂ မိနစ်တွင် Moustapha နှင့် ပွဲချိန် မိနစ် ၇၀ တွင် သန်းပိုင်တို့က ရန်ကုန်ယူနိုက်တက် အသင်း အတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ကာ ပွဲချိန် ၈၁ မိနစ်တွင် Phoutthavongက Ezra အသင်း အတွက် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ရန်ကုန်ယူနိုက်တက် အသင်းက အနိုင်ရလဒ်ကို အကောင်းဆုံး ထိန်းချုပ်ကစားခဲ့ရာ ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် Ezra အသင်းကိုအနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့သည့်အတွက် အေအက်ဖ်စီဖလားပြိုင်ပွဲတွင် အုပ်စု(D)၌ အင်ဒိုနီးရှားကလပ် ဘော်နီယိုအသင်း၊ ဖိလစ်ပိုင်ကလပ် ဝမ်းတက်ဂူးအသင်း၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီး အသင်းတို့နှင့် တစ်အုပ်စုတည်း ကစားရမည်ဖြစ်ကြောင်းသိရသည်။

STA

# နော်တင်ဟမ်အသင်းနှင့် အသင်းအားကစားဒါရိုက်တာ အီဒူးတို့ နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းကာလမ်းခွဲ



**လန်ဒန် စက်တင်ဘာ ၈**

နော်တင်ဟမ် အသင်းနှင့် အသင်းအားကစားဒါရိုက်တာအီဒူးတို့သည် စက်တင်ဘာ ၇ ရက်တွင် နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ကြကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အီဒူးသည် ၂၀၂၅ ခုနှစ်က အာဆင်နယ်အသင်း အားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် ဇူလိုင်လက နော်တင်ဟမ်အသင်း အားကစားဒါရိုက်တာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

အီဒူးသည် နော်တင်ဟမ်အသင်း အားကစားဒါရိုက်တာရာထူးကို တာဝန်ယူထားသော်လည်း အသင်းပိုင်ရှင်မာရီနာကစ်ပိုင်ဆိုင်သည့် အခြားကလပ်အသင်းများဖြစ်သည့် အိုလံပီယာကို့စ်အသင်း၊ ရီယိုအဗွီးအသင်းတို့တွင်လည်း အသင်းဘောလုံးရေးရာကိစ္စရပ်များတွင် ဦးဆောင်လုပ်ကိုင်နေသူ တစ်ဦးဖြစ်သည်။

သို့သော် ၂၀၂၅ ခုနှစ် စက်တင်ဘာလက အသင်းပိုင်ရှင်မာရီနာကစ်က အသင်းနည်းပြ ဆန်းတို့စ်ကိုရာထူးမှ ထုတ်ပယ်ခဲ့ခြင်းနှင့် ပတ်သက်ပြီးအီဒူးနှင့် အသင်းပိုင်ရှင် မာရီနာကစ်တို့ကြားဆက်ဆံရေး တင်းမာမှုများရှိလာခဲ့ခြင်းဖြစ်သည်။

အသင်းပိုင်ရှင် မာရီနာကစ်က နောက်ပိုင်းတွင် အသင်းအားကစားဒါရိုက်တာအီဒူးကို အသင်းအိမ်ကွင်း၊ လေ့ကျင့်ရေးကွင်းတို့ကို သွားလာခွင့် ပိတ်ပင်ခဲ့သည်ထိ တင်းမာမှုများ ရှိလာခဲ့ပြီးနောက် အီဒူးကလည်း အသင်းအားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ပြီး နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : 365Scores

Trs : STA

# 2026 English Open စနူကာပြိုင်ပွဲ ပထမအဆင့်မှ ကမ္ဘာ့အဆင့်(၁) တရုတ်စနူကာကစားသမား ဇီဟို ထွက်ခွာခဲ့ရ

**လန်ဒန် စက်တင်ဘာ ၈**

အင်္ဂလန်နိုင်ငံတွင် ကျင်းပနေသည့် 2026 English Open စနူကာပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁) တရုတ်စနူကာကစားသမားဇီဟိုနှင့် အင်္ဂလန်စနူကာကစားသမား အိုလီဗာတို့ ကစားခဲ့ရာ ဇီဟိုက လေးပွဲ နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း Cus Nation သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဇီဟိုသည် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေရှိသည့် စာရင်းတွင်ပါဝင်ပြီး အိုလီဗာက ပထမအဆင့်တွင် ထွက်ခွာရနိုင်သည့် ကစားသမားအဖြစ် သတ်မှတ် ခံထားရသော်လည်း ပြိုင်ပွဲတွင် အိုလီဗာက စွမ်းဆောင်ရည်ကောင်းများ ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဇီဟိုသည် ပုံမှန်လက်စွမ်းအောက်ကျရောက်နေမှုကို အိုလီဗာက အကောင်းဆုံး အသုံးချခဲ့ပြီး လေးပွဲ နှစ်ပွဲဖြင့် အနိုင်ရကာ ဒုတိယအဆင့်သို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဇီဟိုသည် ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သည့် China Openပြိုင်ပွဲ၊ ဝူဟန်အိုးပင်းပြိုင်ပွဲ၊ ပြီးခဲ့သည့် ရက်ပိုင်းက ကျင်းပခဲ့သည့် British Open ပြိုင်ပွဲတို့တွင် အောင်မြင်မှုမရရှိခဲ့သော်လည်း ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်ခဲ့သည်။

သို့သော် ဇီဟိုသည် လက်ရှိ 2026 English Open စနူကာပြိုင်ပွဲ ပထမအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာအတွက် အပြောင်းအလဲများ ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း သိရသည်။

Ref : Cus Nation

Trs : STA

# ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးအမျိုးသားနည်းပြဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်

**ဇူးရစ် စက်တင်ဘာ ၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကမ္ဘာ့အကောင်းဆုံးဆုများပေးအပ်ပွဲ အခမ်းအနားတွင် ချီးမြှင့်ပေးအပ်မည့် ဆုများမှ အဓိက ဆုတစ်ခုဖြစ်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးအမျိုးသားနည်းပြဆု အတွက် ဆန်ခါတင်စာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း 433 သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။




၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး အမျိုးသားနည်းပြဆု အတွက် ဆန်ခါတင်စာရင်းတွင် စပိန်လူမျိုး နည်းပြလေးဦးထိ ပါဝင်လာခဲ့ပြီး ဘယ်လ်ဂျီယံလူမျိုး နည်းပြတစ်ဦးသာ ပါဝင်ခဲ့ကာ ကလပ်အသင်း နည်းပြလေးဦးနှင့် နိုင်ငံလက်ရွေးစင် အသင်းမှ နည်းပြတစ်ဦးပါဝင်လာခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးနည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင် လက်ရှိအာဆင်နယ်အသင်းနည်းပြ အာတီတာ၊ အေဗီလာအသင်းနည်းပြ အူနိုင်း၊ ပီအက်စ်ဂျီအသင်း နည်းပြ အင်းနရစ်၊ ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ကွန်ပနီ၊ စပိန်အသင်းနည်းပြ ဒီလာဖွန်တီတို့ ပါဝင်လာခဲ့ကြသည်။

ဆန်ခါတင်စာရင်းတွင် ပါဝင်လာခဲ့ကြသူများမှ စပိန်အသင်းနည်းပြ ဒီလာဖွန်တီသည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိခဲ့ဘဲ ချန်ပီယံဆုဖလားကို ဆွတ်ခူးပေးခဲ့သည်ထိ အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် အဆိုပါဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း သိရသည်။

Ref : 433

Trs : STA

# ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးအမျိုးသားကလပ်အသင်းဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ခဲ့ပြီး အာဆင်နယ်အသင်း ရေပန်းစားနေ

ဇူးရစ် စက်တင်ဘာ ၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ချီးမြှင့်ပေးအပ်မည့်ဆုများမှ ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးအမျိုးသားကလပ် အသင်းဆုအတွက် ဆန်ခါတင်စာရင်းကို ယနေ့တွင်ထုတ်ပြန်ခဲ့ပြီး အာဆင်နယ်အသင်းက ဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး အမျိုးသားကလပ်အသင်းဆုအတွက် ဆန်ခါတင်စာရင်းတွင် ကလပ်အသင်းငါးသင်း ပါဝင်ခဲ့ပြီး ဥရောပမှကလပ် အသင်းလေးသင်းနှင့် တောင်အမေရိက ကလပ်အသင်း တစ်သင်းပါဝင်လာခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး အမျိုးသားကလပ်အသင်းဆုအတွက် ဆန်ခါတင်စာရင်းတွင် အာဆင်နယ်အသင်းနှင့် အတူ ဥရောပမှ ကလပ်အသင်းများဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်း၊ ဘိုဒိုဂလင့်အသင်း၊ ပီအက်စ်ဂျီအသင်း၊ တောင်အမေရိကလပ် ဖလာမင်ဂိုအသင်းတို့ ပါဝင်လာခဲ့ကြသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့သည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်တွင်တွေ့ဆုံခဲ့ရာ ပီအက်စ်ဂျီအသင်းကအနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး အာဆင်နယ်အသင်း အနေဖြင့် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကာ ၂၀၂၆ ခုနှစ်အတွင်း ဥရောပတွင် စွမ်းဆောင်ရည်ပိုင်း အကောင်းဆုံး ကလပ်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

လက်ရှိဆန်ခါတင်စာရင်းတွင် ပါဝင်လာသည့် ကလပ်အသင်းများမှ ချန်ပီယံလိဂ်ချန်ပီယံပီအက်စ်ဂျီ အသင်းထက် အာဆင်နယ်အသင်းက ပိုမိုရေပန်းစားနေကြောင်း သိရသည်။

Ref : The Athletic
Trs : STA

# Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးဆုံး

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီ ကကြီးမှူးကျင်းပနေသည့် Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၁၀ နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပွဲစဉ်များ အဖြစ် နံနက် ၁၀ နာရီက YCDC Dreamအသင်းနှင့် အင်ဒိုနီးရှား ကလပ် Black Steel Papuaအသင်းတို့ကစားခဲ့ရာ Black Steel Papua အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး မွန်းလွဲ ၁၂ နာရီခွဲက ကမ္ဘောဒီးယားကလပ် Lucky FC အသင်းနှင့် TG United အသင်းတို့ ကစားခဲ့ရာ TG United အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၃ နာရီက YRG FCအသင်းနှင့် ထိုင်းကလပ် Black Pearl United အသင်းတို့ကစားခဲ့ရာ YRG FC အသင်းက လေးဂိုး သုံးဂိုးဖြင့်အနိုင်ရပြီး ညနေ ၅ နာရီခွဲက MIU FC အသင်းနှင့် M2K FC အသင်းတို့ ကစားခဲ့ရာ MIU FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကြသည်။

Fire Dragon International Futsal Cup 2026 ပြိုင်ပွဲအုပ်စုပွဲစဉ်များအပြီး အုပ်စု(A)တွင် Black Steel Papua အသင်းက အုပ်စုပထမ၊ YCDC Dreamအသင်းက ဒုတိယ၊ အုပ်စု(B)တွင် MIU FC အသင်းက အုပ်စုပထမ၊ YRG FC အသင်းက အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA



# U.S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၁)မှ (၆)အတွင်း ရပ်တည်သူအားလုံး ကွာတားဖိုင်နယ်တက်ရောက်

ဝါရှင်တန် စက်တင်ဘာ ၈

လက်ရှိ အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် U.S.Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲမစတင်မီက ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့် (၁)မှ (၆) နေရာအတွင်း ရပ်တည်ခဲ့ကြသည့် ကစားသမားအားလုံး ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း AGTPသတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ မစတင်မီက ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၁)အဖြစ် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ၊ အဆင့်(၂)အဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာ၊ အဆင့်(၃)အဖြစ် အမေရိကန်တင်းနစ်မယ် ဗီဂူလာ၊ အဆင့်(၄)အဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်၊ အဆင့်(၅)အဖြစ် ရုရှားတင်းနစ်မယ် အန်ဒရီဗာ၊ အဆင့်(၆)အဖြစ် ချက်တင်းနစ်မယ် နော့စ်ကိုဗာတို့က ရပ်တည်ခဲ့ကြပြီး အဆိုပါကစားသမားများအားလုံး ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

U.S. Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ၁၉၉၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၁)မှ (၆)အတွင်း ရပ်တည်ခဲ့သည့် ကစားသမားအားလုံး ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

U.S. Openအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆာဘာလင်ကာနှင့် နော့စ်ကိုဗာ၊ ဗီဂူလာနှင့် အမေရိကန်တင်းနစ်မယ် နာဗာရို၊ အန်ဒရီဗာနှင့် ကိုကိုဂတ်ဖ်၊ ရိုင်ဘာကီနာနှင့် တရုတ်တင်းနစ်မယ် ကွင်ဝမ်ချန်းတို့ တွေ့ဆုံခဲ့ကြပြီး စက်တင်ဘာ ၉ ရက်တွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : AGTP
Trs : STA

# စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစ လေးပွဲဆက်ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် တတိယမြောက်ကစားသမားအဖြစ် ဘာစီလိုနာအသင်းမှ ဂေါ်ဒွန်ရပ်တည်



ဝါရှင်တန် စက်တင်ဘာ ၈

ဘာစီလိုနာအသင်း တိုက်စစ်ကစားသမား ဂေါ်ဒွန်သည် ဘာစီလိုနာအသင်းနှင့် ဗလင်စီယာအသင်းတို့ပွဲစဉ်တွင် ဂိုးဖန်တီးမှုပြုလုပ်ခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစလေးပွဲဆက်ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် တတိယမြောက် ကစားသမားဖြစ်လာခဲ့ကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းက ဗလင်စီယာအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ ဂေါ်ဒွန်က ပွဲချိန် ၂၂ မိနစ်တွင် အသင်းဖော် လိုပက်ဇ်သွင်းယူခဲ့သည့် သွင်းဂိုးကို ဂိုးဖန်တီးမှုပြုလုပ်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစ လေးပွဲဆက် ဂိုးဖန်တီးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစလေးပွဲဆက်ဂိုးဖန်တီးမှုပြုလုပ်ခဲ့သည့် ကစားသမားများအဖြစ် ဂေါ်ဒွန်မတိုင်မီကလည်း ဘာစီလိုနာအသင်းမှ ကစားသမားဟောင်းများက လုပ်ဆောင်ထားခြင်းဖြစ်ပြီး ဖာဘရီဂတ်စ်နှင့် ဆွာရက်ဇ်တို့ပြီးလျှင် ဂေါ်ဒွန်က တတိယမြောက်ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဂေါ်ဒွန်သည် ဘာစီလိုနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ်အဖြစ် ကစားခဲ့သည့် အယ်လ်ချီအသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ်၊ ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်တွင် တစ်ကြိမ်၊ ဗယ်လ်ကာနိုအသင်းနှင့်ပွဲစဉ်တွင် တစ်ကြိမ်၊ ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် တစ်ကြိမ်ဖြင့် လေးပွဲဆက် ဂိုးဖန်တီးမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : 365Scores
Trs : STA

# မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ဒုတိယအကျော့ကို စက်တင်ဘာ ၁၀ ရက်၌ပြန်လည်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနေရှင်နယ်လိဂ်ကော်မတီက မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီး ရပ်နားထားရာမှ ဒုတိယအကျော့ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက် မှစတင်ပြီး ပြန်လည်ကျင်းပမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ကျင်းပနေခြင်းဖြစ်ပြီး ပထမအကျော့ပွဲစဉ်များအပြီးတွင် ISPEအသင်းက ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၂မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ်ရပ်တည်ခဲ့သည်။

ထို့ပြင် ဒဂုံစတားအသင်းက ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဖိအားပေးနေပြီး ရန်ကုန်ယူနိုက်တက်အသင်းကလည်း ရမှတ် ၂၇ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရမှတ်ကွာဟမှုမရှိဘဲ ချန်ပီယံဆုအတွက် ဖိအားပေးနေခြင်း ဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲဒုတိယအကျော့ပွဲစဉ်များဖြစ်သည့် ပွဲစဉ်(၁၄)ကို စက်တင်ဘာ ၁၀ ရက်တွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဖယ်ကွန်အက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ISPEအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ချင်းလန်းအက်ဖ်စီ အသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ စက်တင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

# ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးချဲ့လို့ နိုင်ငံ့စီးပွားမြှင့်တင်စို့

**ထက်ဝေအောင်(စစ်ကိုင်း)**



မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး ဆန်စပါးကို အခြေခံစားသောက်ကုန်အဖြစ် သတ်မှတ်ထားသဖြင့် နိုင်ငံ၏နေရာအနှံ့အပြားတွင် စပါးကိုစိုက်ပျိုးခဲ့ကြသည်။ ခေတ်မီတိုးတက်နေသည့် ကမ္ဘာကြီးတွင် စိုက်ပျိုးရေးလုပ်ငန်းများသည် ခေတ်နှင့်အညီဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လယ်ယာကဏ္ဍတစ်ခွင်ဘက်ပေါင်းစုံဖွံ့ဖြိုးရေး တစ်ယောက်အားနှင့်မရနိုင်ဆိုသကဲ့သို့ လုပ်ငန်းတူ၊ ရည်ရွယ်ချက်တူသူများပြိုင်တူ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်နိုင်မည်ဖြစ်သည်။ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ပူးပေါင်းပါဝင်မှု၊ တောင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှု ဟန်ချက်ညီညီရှိမှသာ နိုင်ငံခြားဝင်ငွေ ရရှိခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးခြင်း အစရှိသည့်အခန်းကဏ္ဍများလည်း တစ်ပါတည်း ဖွံ့ဖြိုးလာမည်ဖြစ်သည်။ လယ်ယာကဏ္ဍသည် စားရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ ငရုတ် အစရှိသော နေ့စဉ်သုံးရိက္ခာများပေးစွမ်းသည်။ အလားတူ နေ့စဉ်ဘဝအဝတ်ထည်ဝတ်ဆင်နိုင်ရေးအတွက် ဝါသီးနှံမှချည်မျှင်များထုတ်လုပ်နိုင်ပေသည်။

ဝါသီးနှံသည် လူသားများ ဝတ်ဆင်ရေးအတွက် သဘာဝချည်မျှင် ထုတ်လုပ်နိုင်သည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ဝါဂွမ်းမှ ရက်လုပ်သော ချည်ထည်များသည် အကြမ်းခံခြင်း၊ အမြင်လှပဆန်းသစ်ခြင်းရှိသည့်အပြင် ပူပြင်းသောရာသီဥတုတွင် ဝတ်ဆင်ရန် သင့်လျော်ပြီး ဝတ်ဆင်သူများအတွက် အေးမြကာ သက်တောင့်သက်သာရှိစေသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ကမ္ဘာကြီးပူနွေးလာသည့် အခြေအနေတစ်ရပ်တွင် ဝါသီးနှံသည် လူသားတစ်ရပ်လုံး၏ ဝတ်ဆင်ရေးကို များစွာ အထောက်အကူပြုသည့် သီးနှံတစ်မျိုးဖြစ်ပေသည်။ ရင့်မှည့်သော ဝါပေါက်မှ ဝါဂွမ်းနှင့် ဝါစေ့များထွက်ရှိသည်။ ဝါစေ့ကို ကြိတ်ခွဲခြင်းမှ ရရှိလာသော ဝါစေ့ဆီကို လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ဝါစေ့ဖတ်ကို တန်ဖိုးမြင့်တိရစ္ဆာန်အစာနှင့် သဘာဝမြေဩဇာအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

လူသားအားလုံးအတွက် စား၊ ဝတ်၊ နေရေး အစရှိသော အရေးသုံးပါးသည် နေ့စဉ်ဘဝတွင် အတူယှဉ်တွဲ လိုအပ်စမြဲဖြစ်သည်။ စားရေးသည် အရေးကြီးသကဲ့သို့ အဝတ်အထည် ဝတ်ဆင်ရေးမှာလည်း အရေးကြီးပေသည်။ အဝတ်အထည်သည် ဥတုဒဏ်အမျိုးမျိုးမှ ကာကွယ်ပေးသကဲ့သို့ မျက်နှာအလှ၊ ကိုယ်ခန္ဓာအလှအပေါ်အယဉ်ဆင့် ပို၍လှပအောင် အဝတ်အထည် အမျိုးမျိုး ဆင်မြန်းဝတ်ဆင်ကြရပေသည်။ အမြင်မရိုးရအောင် အရောင်အမျိုးမျိုးဖြင့် တန်ဆာဆင်ထားသည့် အဝတ်အထည်များ၏ လားရာသည် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းအခန်းကဏ္ဍမှ အခြေပြုလာခြင်းဖြစ်သည်။ ဝါကြိတ်စက်မှ ထွက်ရှိလာသည့် ဝါစေ့ကို ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာ ဝါကြိတ်ဖတ်များ ဆက်လက်ထုတ်လုပ်နိုင်သည်။ ဝါဂွမ်းကို အဝတ်အထည်အဖြစ် ရက်လုပ်နိုင်သည်။ အဝတ်အထည်များ ဆေးဆိုးခြင်း၊ ဒီဇိုင်းအမျိုးမျိုး ပုံဖော်ခြင်းများပြုလုပ်၍ လူသုံးကုန်ပစ္စည်းအဖြစ် အဆင့်မီ ထုတ်လုပ်နိုင်ပေသည်။ ယနေ့ကမ္ဘာသည် ခေတ်မီဖွံ့ဖြိုးခြင်းနှင့်အတူ လက်မှုပညာခေတ်မှ စက်မှုခေတ်သို့ ပြောင်းလဲတိုးတက်လာခဲ့ပြီး အထည်လိပ်ထုတ်လုပ်သည့် လုပ်ငန်းများ၊ စက်ရုံများလည်း ငွားငွားစွင့်စွင့်ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

ဝါစိုက်ပျိုးမှုသည် အခြေခံ MSME စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အကျဆုံးသော စက်မှုကုန်ကြမ်းသီးနှံဖြစ်ခြင်းကြောင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်၍ ပြည်တွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်ရန်ထိ ရည်မှန်း ဆောင်ရွက်လျက်ရှိသည်။ ဝါစိုက်ပျိုးလုပ်ငန်း အောင်မြင်ခြင်းဖြင့် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများ၊ အထည်ချုပ်လုပ်ငန်းများလည်း တစ်ပါးတည်းဖွံ့ဖြိုးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။ နိုင်ငံတော်မှ ဝါစိုက်တောင်သူများအတွက် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းမွန်ပြီး ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော ဝါမျိုးများကို စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ် ဖြန့်ဖြူးပေးခြင်း၊ ဝါအထွက်တိုး စိုက်ပျိုးနည်းစနစ်များကို သုတေသနပြုလုပ်၍ ရရှိလာသည့် ရလဒ်ကောင်းများကို ဝါစိုက်တောင်သူများထံ နည်းပညာဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဝါစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများဖြင့် နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် ရည်မှန်းချက်ကောင်းများဖြင့် စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ အဆင့်မြင့် ကုန်ချောထုတ်လုပ်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများကြားလုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန် ချောမွေ့စေရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရေးနိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပေသည်။ ဝါစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်းအဖြစ် အရည်အသွေးကောင်းမွန်သည့် ဝါမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် ပြည်တွင်း၌ သုတေသနပြု ထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပမှလည်း မှာယူတင်သွင်းဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်းထုတ်ဝါမျိုးများကို အပြည့်အဝထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေးများ တည်ငြိမ်ကောင်းမွန်ရေး အမြဲတစေသုတေသနပြု အားပေးလျက်ရှိသည်။ ထို့အတူ ဝါစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ပိုင် ချည်မျှင်နှင့်အထည်စက်ရုံများ အရှိန်အဟုန်မြှင့်တင်လည်ပတ်ရေးနှင့် ရက်ကန်းစက်များ အဆင့်မြှင့်တင်ရေး၊ ခေတ်မီရက်ကန်းစက်များ ပိုမိုအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်နယ်များအလိုက် ချည်ထည်ထုတ်လုပ်နိုင်ရေး၊ ရက်ကန်းစက်များ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဝါတင်ပို့ရောင်းချသည့်နိုင်ငံအဖြစ် မလွဲမသွေ တည်ဆောက်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိသည်။ ဝါစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ ဝါစိုက်ပျိုးရေးနှင့် ဆက်နွယ်လျက်ရှိသည့် ဝါမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါစေ့ဆီထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါကြိတ်စက်(လွန်ခုံ)မှ ဝါဂွမ်းထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝါဝယ်ယူခြင်းလုပ်ငန်းများတိုးတက်အောင်မြင်အောင် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် ဝါစိုက်ပျိုးရေးကဏ္ဍသည် အခြေခံကျသော ကဏ္ဍတစ်ရပ်ဖြစ်ခြင်းကြောင့် ဝါစိုက်ပျိုးထုတ်လုပ်ရေး၊ စက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ရေး အစိုးရ၏ဦးဆောင်မှုနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင် များ၊ ဝါစိုက်တောင်သူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည်။ ဝါမျိုးများ လုံလောက်စွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးသကဲ့သို့ သက်ဆိုင်ရာ ဝါစိုက်တောင်သူအစုအဖွဲ့များကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များ ဝိုင်းဝန်းဖြည့်ဆည်းရမည်ဖြစ်သကဲ့သို့ ဝါစိုက်တောင်သူများမှ ဝါအထွက်နှုန်း အောင်မြင်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း အစရှိသည့် နည်းလမ်းလေးသွယ်ကို စနစ်တကျ အသုံးပြုရမည်ဖြစ်သည်။ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွဲ၊ နွား တိရစ္ဆာန်များ မွေးမြူခြင်းမှရရှိနိုင်သည့်နွားချေးများကိုသဘာဝဓာတ်မြေဩဇာအဖြစ်ထည့်သွင်းခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ စနစ်တကျ ထည့်သွင်းပေးခြင်းများပြုလုပ်၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ခြင်းများပြုလုပ်၍ အထွက်နှုန်းများတိုးတက်ရေး ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာထုတ်လုပ်ရေး၊ ကုန်ထုတ်စွမ်းအားများမြင့်မားလာစေရေး၊ တောင်သူများဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့် စားရေရိက္ခာများ ထုတ်လုပ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးကူညီပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေကောင်းမွန်ရေး၊ ရေလုံလောက်စွာရရှိရေး၊ နည်းစနစ်တကျ စိုက်ပျိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူများအနေဖြင့် သီးထပ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်း ပန်းတိုင်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဝါနှင့်ချည်မျှင်များကို ပြည်ပမှ ဝယ်ယူသုံးစွဲနေသည့် လိုအပ်ချက်ကို လျှော့ချနိုင်ရေးအတွက် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရန်၊ ဈေးနှုန်းအာမခံချက်ရှိစေရေးအတွက် အခြေခံဈေးနှုန်း သတ်မှတ်ပေးရန်နှင့် ဝါဂွမ်းအပြင်ဘေးထွက်ပစ္စည်းများဖြစ်သည့် ဝါစေ့ဆီ၊ တိရစ္ဆာန်အစာ၊ ဝါစေ့ဖတ်နှင့် ဝါစေ့ခွံများ၊ ထုတ်လုပ်နိုင်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါစိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အခြေခံကျသော လုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် စက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ရေး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဝါစိုက်တောင်သူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည့် နိုင်ငံ့စီးပွားရေးတစ်ရပ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

❖ **ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များ ဝိုင်းဝန်းဖြည့်ဆည်းရမည်ဖြစ်သကဲ့သို့ ဝါစိုက်တောင်သူများမှ ဝါအထွက်နှုန်းအောင်မြင်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း အစရှိသည့် နည်းလမ်းလေးသွယ်ကို စနစ်တကျ အသုံးပြုရမည်ဖြစ်သည်။ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွဲ၊ နွား တိရစ္ဆာန်များ မွေးမြူခြင်းမှ ရရှိနိုင်သည့် နွားချေးများကို သဘာဝဓာတ်မြေဩဇာအဖြစ် ထည့်သွင်းခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ စနစ်တကျ ထည့်သွင်းပေးခြင်းများပြုလုပ်၍ အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။** ❖

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာ**

# ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသရှိ တောင်ပေါ်တွင် ဆီးနှင်းပြိုကျသဖြင့် လူ ၁၁ ဦးသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးနေ



မော်စကို စက်တင်ဘာ ၈

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသရှိ ဘီဇင်ဂီတောင်တွင် စက်တင်ဘာ ၇ ရက်က ဆီးနှင်းပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၁ ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကာ ခြောက်ဦး ပျောက်ဆုံးနေကြောင်း ဒေသအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ဆီးနှင်းပြိုကျမှုသည် မီဇီရီဂီတောင်မှ ပြိုကျလာခဲ့ခြင်းဖြစ်ပြီး တောင်တက်သမား ၃၃ ဦး ပါဝင်သည့် တောင်တက်အဖွဲ့ကို ဖုံးလွှမ်းသွားခဲ့ခြင်း ဖြစ်ကြောင်း၊ မီဇီရီဂီတောင်သည် ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ် ဒေသရှိ မြင့်မားသော တောင်များအနက် တစ်ခုဖြစ်ပြီး ဘီဇင်ဂီတောင်ကြားအတွင်း တည်ရှိကြောင်း သိရသည်။

အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များ၏ နောက်ဆုံးသတင်းအရ တောင်တက်သမား ၁၀ ဦးမှာ ဘေးကင်းရာသို့ ကိုယ်တိုင်ဆင်းနိုင်ခဲ့ပြီး ခြောက်ဦးကို ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုပေးနေကြောင်း၊ ပျောက်ဆုံးနေသူ ခြောက်ဦး၏ အခြေအနေကိုမူ လက်ရှိအချိန်ထိ မသိရှိရသေးသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်း ၅၀ ကျော် ပါဝင်ဆောင်ရွက်နေပြီး ရဟတ်ယာဉ်များဖြင့်လည်း ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ သို့သော် တောင်တန်း၏မြေပြင်အခြေအနေ ကြမ်းတမ်းခက်ခဲခြင်းနှင့် ဆီးနှင်းပြိုကျမှု ထပ်မံဖြစ်ပွားနိုင်သည့် အန္တရာယ် ရှိနေခြင်းတို့ကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

လက်ရှိတွင် ပျောက်ဆုံးနေသူ ခြောက်ဦးကို အမြန်ဆုံးရှာဖွေတွေ့ ရှိနိုင်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ရှာဖွေနေပြီး ဆီးနှင်းပြိုကျမှုဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ဖြစ်စဉ်အသေးစိတ်များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဥရောပနိုင်ငံများတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံများ ဆောလျင်စွာရင့်မှည့်လာသဖြင့် ရိတ်သိမ်းနေရ

ပဲရစ် စက်တင်ဘာ ၈

ဥရောပနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံများ ဆောလျင်စွာရင့်မှည့်လာသဖြင့် ရိတ်သိမ်းနေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥရောပတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံများ ရင့်မှည့်ချိန်နှင့် ရိတ်သိမ်းချိန်များ ယခင်ကထက် ပိုမိုစောလာကြောင်း၊ အထူးသဖြင့် ပြောင်းဖူး၊ ပဲစင်းငုံနှင့်ဂျုံကဲ့သို့သော ကောက်ပဲသီးနှံများသည် ၂၀၀၀ ပြည့်နှစ်ခန့်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် ပိုမိုစောစီးစွာရင့်မှည့်လာပြီး ရိတ်သိမ်းနေရကြောင်း သိရသည်။

ဥရောပကော်မရှင်၏ အချက်အလက်များအရ ဥရောပသမဂ္ဂ၏ အချို့ဒေသများတွင် ကောက်ပဲသီးနှံများသည် ၂၀၀၀ ပြည့်နှစ်ကထက် ရင့်မှည့်ချိန် ရက် ၂၀ ခန့် စောလာခဲ့ကြောင်း၊ ထိုစဉ်က ပြောင်းသီးနှံရိတ်သိမ်းမှုကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်ဝန်းကျင်၊ ဂျုံများကို ဩဂုတ် ၁၀ ရက်မှ ၁၅ ရက် ဝန်းကျင်အတွင်း ရိတ်သိမ်းလေ့ရှိသော်လည်း ယခုအခါ စက်တင်ဘာလဆန်းပိုင်း၊ ဇူလိုင်လကုန်ပိုင်းတွင်ပင် ရိတ်သိမ်းရသည့်အခြေအနေသို့ ရောက်ရှိလာကြောင်း တောင်သူများသမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်သူ ဟာမန်းဂရီဖိက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှု အမြန်ဆုံးဖြစ်ပေါ်နေသည့် ကမ္ဘာ့တိုက်ကြီးများထဲမှတစ်ခုဖြစ်သည့် ဥရောပတိုက်သည် ယခုနှစ် မေလနှောင်းပိုင်းမှစတင်၍ အပူလှိုင်းများစွာ ဖြတ်သန်းမှုကို ရင်ဆိုင်ခဲ့ပြီး ထိုသို့အပူချိန်မြင့်တက်မှုက သီးနှံများရင့်မှည့်ချိန်ကို ပိုမိုစောလာစေခဲ့ကြောင်း၊ သို့သော် အပူချိန်မြင့်တက်မှုသည် သီးနှံများရင့်မှည့်ချိန်ကိုသာ စောစေခြင်းမဟုတ်ဘဲ သီးနှံအထွက်နှုန်းကိုလည်း ထိခိုက်စေနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဂျပန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် စီရင်စု ၁၁ ခုရှိ ကျောင်းပေါင်း ၃၆၆၁ ကျောင်းကို ပိတ်ခဲ့ရ

တိုကျို စက်တင်ဘာ ၈

ဂျပန်နိုင်ငံတွင် စက်တင်ဘာ ၇ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ဖြင့် စီရင်စု ၁၁ ခုရှိ ကျောင်းပေါင်း ၃၆၆၁ ကျောင်းကို ပိတ်ခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

စက်တင်ဘာ ၇ ရက် အစောပိုင်းမှစ၍ ဂျပန်နိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့်တက္ကသိုလ်များကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပိတ်ထားရသည့်ကျောင်းများမှာ ချီဘာစီရင်စုတွင် ၈၉၄ ကျောင်း၊ တိုကျိုမြို့တွင် ၇၃၉ ကျောင်း၊ ကာနာဂါဝါစီရင်စုတွင် ၆၄၆ ကျောင်း၊ ဖူကူရှီးမားစီရင်စုတွင် ၄၅၄ ကျောင်း၊ တိုချီဂီစီရင်စုတွင် ၃၅၈ ကျောင်းနှင့် အခြားစီရင်စုများမှ ကျောင်းပေါင်း ၅၇၀ ကျော် ပိတ်ခဲ့ရကြောင်း သိရသည်။



ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုကျိုမြို့ပြဧရိယာအတွင်း ရထားခရီးစဉ်များရပ်ဆိုင်းခဲ့ပြီး လူဦးရေ ၁၄၀၀၀၀ ကျော်၏ ခရီးသွားလာမှုများ ကြန့်ကြာခဲ့ကြောင်း သိရသည်။

တိုကျိုမြို့တောင်ဘက်ရှိ အီဇူကျွန်းစုမှ နီအီဂျီမာရွာ၊ အိုရှီမာမြို့နှင့် တိုရှီမာရွာတို့အပြင် ချီဘာနှင့် ဆိုင်းတာမာစီရင်စုတို့တွင် ဂျပန်မိုးလေဝသအေဂျင်စီ(JMA) က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်နိုင်သည်ဟု သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ပြာများကြောင့် ပိတ်ထားခဲ့ရသည့်လေဆိပ်တချို့ ပြန်လည်ဖွင့်လှစ်

ဂျကာတာ စက်တင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံတွင် အာနက်ကရာကာတောင် မီးတောင်ပေါက်ကွဲမှုမှထွက်လာသော ပြာများကြောင့် ပိတ်ထားခဲ့ရသည့် လေဆိပ်များအနက် ဂျကာတာမြို့ရှိ အဓိကလေဆိပ်ဖြစ်သော ဆိုကာနို-ဟတ်တာ လေဆိပ်နှင့် အခြားလေဆိပ်လေးခုကို စစ်ဆေးမှုများပြုလုပ်ပြီးနောက် ယနေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဂျာဗားကျွန်းနှင့် ဆူမတြားကျွန်းတို့ကြားတွင် တည်ရှိသည့် အာနက်ကရာကာတောင် မီးတောင်သည် စက်တင်ဘာ ၇ ရက်တွင် ပေါက်ကွဲခဲ့ပြီး မီးတောင်ပေါက်ကွဲမှုမှထွက်လာသော ပြာများ ကောင်းကင်ယံတွင် ပျံ့နှံ့ခဲ့ကာ မြင်ကွင်းဝေဝါးမှုကြောင့် ခရီးသွားပြည်သူများ ဘေးကင်းရေးအတွက် လေဆိပ်ရှစ်ခုကိုပိတ်ထားခဲ့ရသဖြင့် ခရီးသည် ၃၄၀၀၀ ကျော်၏ ခရီးစဉ်များနှောင့်နှေးခဲ့ရကြောင်း သိရသည်။

ယနေ့တွင် ပိတ်ထားသည့် လေဆိပ်ရှစ်ခုအနက်မှ ငါးခုကို ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ဒူဒီပါဝါဂန်ဒီက ပြောကြားခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားအမျိုးသားလေကြောင်းသယ်ယူပို့ဆောင်ရေးအသင်း(INACA)၏ အထွေထွေအတွင်းရေးမှူး ဘာယုဆူတန်တိုက လေကြောင်းခရီးစဉ်များ နှောင့်နှေးခြင်းနှင့် ဖျက်သိမ်းရခြင်းများသည် လေကြောင်းလိုင်းများ၏ ဘဏ္ဍာရေးအခြေအနေကို ထိခိုက်စေကြောင်း၊ ခရီးစဉ်များဖျက်သိမ်းရခြင်းကြောင့် ဝင်ငွေဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် လည်ပတ်စရိတ်များလည်း မြင့်တက်လာကြောင်း ပြောကြားခဲ့သည်။

လေဆိပ်များ ပိတ်ထားစဉ်အတွင်း ရပ်နားထားခဲ့သည့် လေယာဉ် ၁၇၈ စင်း၏ ပျံသန်းနိုင်မှုအခြေအနေကို အာဏာပိုင်များက စစ်ဆေးပြီး ယခုကဲ့သို့ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အခြားကျန်ရှိသည့် လေဆိပ်သုံးခုကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းတွင် ဟာရီကိန်းမုန်တိုင်း သတိပေးချက်များ ဆက်လက်ထုတ်ပြန်ထား

ဝါရှင်တန် စက်တင်ဘာ ၈

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းတွင် ဟာရီကိန်းမုန်တိုင်းသတိပေးချက်များ ဆက်လက်ထုတ်ပြန်ထားဆဲ ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိ ဟာရီကိန်းမုန်တိုင်း လိုဝဲလ်သည် အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်း၏ အနောက်ဘက်သို့ချဉ်းကပ်လာသဖြင့် အမေရိကန်အမျိုးသားရာသီဥတုဝန်ဆောင်မှုနှင့် အမျိုးသားဟာရီကိန်းစင်တာတို့က ဟာဝိုင်ရီကျွန်းရှိ အချို့ဒေသများတွင် ဟာရီကိန်းမုန်တိုင်း သတိပေးချက်ကို ဆက်လက်ထုတ်ပြန်ထားဆဲ ဖြစ်ကြောင်း သိရသည်။

အဆိုပါသတိပေးချက်များအရ ဟာရီကိန်းမုန်တိုင်း လိုဝဲလ်သည် ကာဝိုင်နှင့် နီအီဟာဝ်ကျွန်းများ၊ အိုအာဟူးကျွန်းတို့အပြင် အနီးတစ်ဝိုက်ဒေသများအတွက်လည်း အပူပိုင်းမုန်တိုင်း သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ဟာရီကိန်းမုန်တိုင်းလိုဝဲလ်၏ ဗဟိုချက်သည် ယနေ့နံနက် အစောပိုင်းအတွင်း နီအီဟာဝ်ကျွန်းအနီး ဖြတ်သန်း သွားနိုင်ကြောင်း၊ ထို့ကြောင့် ဒေသအာဏာပိုင်များက ဟာရီကိန်းမုန်တိုင်းနှင့် ဆက်စပ်သည့် အန္တရာယ်ရှိသော ရာသီဥတုအခြေအနေများဖြစ်ပေါ်လာနိုင်ကြောင်း၊ လက်ရှိ လိုဝဲလ်မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားဟာရီကိန်းစင်တာက သတိပေးထားသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses 2026 International Literacy Day



**President U Min Aung Hlaing delivers an address at the 2026 International Literacy Day.**

**Nay Pyi Taw September 8**

The 2026 International Literacy Day was observed at the Convocation Hall of the Naypyitaw State Academy in Nay Pyi Taw this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

On arrival at the venue, the President was warmly welcomed by officials and students.

The President and attendees toured the booths at the 2026 International Literacy Day commemorative exhibition with keen interest.

Also present on the occasion together with the President were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dwe, Commander-in-Chief of Defence Service General Ye Win Oo, union ministers and union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, the secretary-general of the Myanmar National Commission for UNESCO and distinguished academics, departmental personnel, teachers, students and invited guests.

The ceremony commenced with a dance to the accompaniment of the song “Education for All” staged by students from No. 6 Basic Education High School, Zabuthiri Township, Nay Pyi Taw.

In his address, the President said the history of Myanmar’s literacy campaign began with the Three Rs (Reading, Writing, and Arithmetic) activity launched in East Sanpya village, Meiktila District, in 1964. The Three Rs campaign, launched through mass involvement as a national movement, stands as a successful milestone in the educational history.

Due to the mass involvement all across the country, the literacy movement in Myanmar won the **Mohammad Reza Pahlavi Prize** of the UNESCO in 1973, and the **Noma Literacy Prize** in 1983. Myanmar’s literacy campaign was international recognized with due respect. Hence, these successes were the historic milestones for all of us to be proud of. Besides, people must see them as the clarion calls for the continuation of the literacy campaign.



**President U Min Aung Hlaing visits the 2026 International Literacy Day commemorative exhibition.**

Literacy is a fundamental, inherent right of every human being. It is also the driving force essential for human resources development. Only literate individuals can truly survive, develop, and thrive in life through the knowledge they have acquired. Moreover, they will be able to fully participate in the human society by pursuing academic and general knowledge and through correct decision-making ability. In this regard, the State is promoting the education sector as a special priority in accord with the motto **“Let us ensure education sector for the development of the Nation.”** The Education Ministry is successfully implementing basic literacy programs to ensure that everyone becomes literate. The Ministry should continue its basic literacy programs with greater momentum.

The 2014 population and housing census shows that out of a population of 33.93 million people aged 15 and above, approximately 3.55 million were illiterate, with a literacy rate of 89.5 percent; and according to the inter census in 2019, out of a population of 37.26 million people aged 15 and above, around 4.1 million were illiterate, with a literacy rate of 89.1 percent, and a numeracy rate of 89.5 percent.

The President noted that literacy rates remain low among the public in rural and remote areas of the country. He mentioned that while the "3Rs" (Reading, Writing, and Arithmetic) literacy campaign achieved success in eradicating illiteracy nationwide in the past, renewed emphasis has been placed on promoting literacy among all residents in rural and remote regions today. Consequently, he highlighted with satisfaction that according to the 2024 census, Myanmar's literacy rate has reached 92.1 percent, and numeracy rate has reached 92.3 percent. He urged all concerned to continue striving as a national duty to effectively reduce the remaining illiterate population year by year.



**President U Min Aung Hlaing presents award to a winner of the 2026 International Literacy Day higher education level essay competition.**

He stated that UNESCO's theme for International Literacy Day this year is **"Literacy for people, the planet, and prosperity."** He noted that under this theme, individual literacy serves as a vital resource that drives political, peace, social, economic, cultural, and environmental development for society as a whole, as well as for the nation and the world.

He noted that the Ministry of Education is placing emphasis on implementing non-formal education and equivalence programs for those who missed formal schooling, alongside formal education.

He stated that non-formal education equivalence programs, such as Non-Formal Primary Education (NFPE) for children who missed or dropped out of primary school, and Non-Formal Middle Education (NFME) for youth who completed primary education but were unable to pursue middle school, are actively being provided. Emphasizing that these initiatives serve as a vital **"second chance"** for out-of-school youth, he called on the Ministry of Education and regional and state governments to coordinate seamlessly in their implementation.

He urged ethnic literature associations, officials from the Ministry of Border Affairs and the Ministry of Ethnic Affairs, and regional and state governments to collaborate with the Ministry of Education to promote literacy, numeracy, and writing skills among ethnic populations in remote areas.

*See Page 13*

# President of the Republic of the Union of Myanmar H.E. U Min Aung Hlaing to make State Visit to the Kingdom of Cambodia

**Nay Pyi Taw September 8**

At the invitation of His Majesty Preah Bat Samdech Preah Boromneath NORODOM SIHAMONI, King of the Kingdom of Cambodia, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing will pay a State Visit to the Kingdom of Cambodia in the near future.

During the visit, the President of Myanmar will meet with the President of the Senate (Acting Head of State) of Cambodia and hold bilateral talks, meet with the Prime Minister of Cambodia and the President of the National Assembly of Cambodia. Furthermore, the itinerary includes visits to prominent sites and ancient pagodas.

During the visit, the President will hold cordial discussion and exchange views on further consolidation of the existing friendly relations, promotion of mutually beneficial cooperation between the two governments, parliaments and peoples, as well as cooperation across economic, cultural, and various other sectors.

The President will be accompanied by Union Ministers and officials during the visit.

MNA

# Myanmar's position on the so-called IIMM

During the 63rd session of the Human Rights Council, being held in Geneva from 7 September to 9 October 2026, an enhanced interactive dialogue on the report of the United Nations High Commissioner for Human Rights (OHCHR) and the report of the so-called Independent Investigative Mechanism for Myanmar (IIMM) took place on 7 September.

Myanmar has never recognized the so-called IIMM since its inception. It is found that this mechanism itself has numerous weaknesses on legal grounds (legal shortcomings) and was established with a politically motivated objective of exerting political pressure on a sovereign state.

The IIMM originated from the so-called Independent International Fact-Finding Mission on Myanmar (FFM), which was established in 2018. The FFM was created through a unilateral decision by the OHCHR without the country consent. Subsequently, based on the findings of the FFM, and under the pretext that a more robust mechanism was needed to preserve evidence, the so-called IIMM was established in 2018 pursuant to the Human Rights Council Resolution 39/2.

The Human Rights Council (HRC) is a subsidiary organ of the United Nations established by United Nations General Assembly Resolution (A/RES/60/251). The mandate of the HRC is limited to submitting a report to General Assembly consolidating resolutions adopted within a specified period, as well as recommendations for the further development of international laws in the field of human rights. It has not been vested with the legal mandate/authority to establish any legal, judicial, or investigative mechanism against a country. Therefore, the HRC Resolution 39/2 establishing the IIMM is a blatant violation of both the UN Charter and General Assembly Resolution A/RES/60/251, which established the HRC.

The IIMM is merely a consequence of targeted, one-sided, and politically motivated resolutions adopted by the HRC. The IIMM is being used as a political tool by a particular country or a group of countries or regions.

On the other hand, it is observed that there are no clear provisions regarding the duration of the IIMM's mandate. Furthermore, its Terms of Reference (ToR) state that IIMM may, as its own discretion, accept funding from UN resources and donor countries. Such a provision could potentially lead to the misuse of funds and a lack of transparency in financial management.

Additionally, the IIMM's annual report (A/HRC/63/19) is found, as in previous years, to be based on one-sided allegations against the Myanmar Tatmadaw, unverified and inaccurate information from opposition organizations and individuals, and inflated statistics and figures. Such misguided characterization of the situation in Myanmar could not only contribute to violence and instability but also hinder the Government's efforts to maintain peace and stability in the country.

Regarding the alleged airstrikes and operations, counter-terrorism operations are conducted solely against military targets in accordance with Rules of Engagement (RoE). These operations respond to violent seizures of certain towns and villages by insurgents and terrorist groups to defend the State and protect public safety. The Tatmadaw exercises maximum restraint to avoid civilian harm.

Therefore, Myanmar reaffirms its strong objection to the mandate of the so-called IIMM and categorically rejects all of its publications and statements, including its Eighth Annual Report submitted to the Human Rights Council.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**9 September 2026**

*From Page 12*

Furthermore, he emphasized that individuals should not merely be content with basic literacy and specialized skills, but must actively read to acquire knowledge and enrich their lives. Highlighting state efforts to promote library development and foster a reading culture nationwide, he stressed that learning is an endless pursuit, calling for collective efforts to ensure that literate citizens continue to read and build a society grounded in lifelong learning.

The Ministry of Education's sustained efforts to eradicate illiteracy have yielded significant achievements in 2026, particularly in targeted townships across Kayah State, Mon State, and eastern Shan State through collaborative basic literacy initiatives. These successes were driven by the active participation and support of respective state governments, alongside local communities who recognized literacy as essential for personal advancement and engaged enthusiastically. Furthermore, basic education teachers deserve high commendation and gratitude for generously dedicating their personal time alongside their regular duties with goodwill to assist locals in achieving literacy.

It was emphasized that literacy not only expands knowledge and understanding but also raises the standard of living for individuals. In line with the principle of **"Education for All"** efforts must be intensified to implement basic literacy programmes, continuing education, and non-formal primary education and non-formal middle education initiatives to ensure that all citizens, including those in rural and remote areas, become literate. To achieve success in these endeavours, it was urged that relevant ministries, volunteers, and all parents and citizens work together in unity. Through literacy, everyone was encouraged to march forward together toward a peaceful, prosperous, and developed new nation.

Subsequently, the President presented awards to the winners of the 2026 International Literacy Day higher education level essay competition. The first prize winner was Maung Saing Thu Htwe from Dawei Education Degree College (Fourth Year, Science Stream); the second prize winner was Ma Ju Ju Khine from Mandalay Education Degree College (Fourth Year, Science Stream); and the third prize winner was Maung Zaw Hlaing Myo from Myeik University (Third Year, Honours, Chemistry).

Following this, Vice President U Nyo Saw presented awards to the first, second, and third prize winners of the 2026 International Literacy Day higher education level poetry competition. Vice President Daw Nan Ni Ni Aye presented awards to the winners of the basic education level essay competition, while Union Minister for Education Dr. Chaw Chaw Sein presented awards to the winners of the basic education level poetry competition.

The President and attendees then watched a video documentary highlighting literacy efforts and activities being undertaken in various non-formal education sectors. Afterwards, students from Basic Education High School No. (11) in Nay Pyi Taw Council area performed a tribute song titled "The Land Where Compassion Blooms" as a cultural presentation.

Following the performance, the President presented cash awards to the student performers and posed for a group commemorative photo with the attendees.

After the ceremony, the President cordially greeted those in attendance, according to reports. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns strive to conduct area domination operations along Kamamaung–Hpapun route temporarily dominated by joint self-serving terrorist insurgent groups KNU, KNLA, and so-called PDFs

## Reconstruction of roads and bridges destroyed by joint terrorist insurgent groups



Tatmadaw columns retake villages along the Kamamaung–Hpapun route.



Tatmadaw columns retake villages along the Kamamaung–Hpapun route.

**Nay Pyi Taw September 8**

Tatmadaw columns are carrying out area security and domination operations along the Kamamaung–Hpapun route, which was temporarily dominated by joint terrorist insurgent groups—comprising the KNU, KNLA, and the so-called PDF terrorists acting as subordinates of the terrorist organizations NUG and CRPH. In addition, the military personnel collaborated with relevant officials to repair and reconstruct the roads and bridges along the route that were maliciously and atrociously destroyed by mine explosions carried out by the joint terrorist insurgent groups with utter disregard for the public.

Starting in November 2024, the joint terrorist insurgent groups—subordinates of the NUG and CRPH known as the so-called PDFs, alongside KNU and KNLA terrorists—aimed to carry out regional sabotage and disrupt the flow of commodities by seizing control of the Kamamaung–Hpapun highway. Using superior numbers, drones, and heavy weaponry, they launched surprise attacks against small military outposts providing security along the route. Although the security forces resisted with the utmost resilience under the spirit of never surrendering to the very end, the joint terrorist insurgent groups reinforced their troops continuously and laid siege. To minimize casualties and damage to the lives and property of local civilians, security personnel executed a tactical temporary withdrawal, resulting in the joint terrorist insurgent groups temporarily dominating the Kamamaung–Hpapun highway and carrying out various acts of sabotage.

During their temporary dominance along the route, the joint terrorist insurgent groups committed malicious and brutal acts of terrorism. They extorted exorbitant tolls from passing cargo trucks and passenger vehicles, looted goods and supplies, tortured and murdered civilians at gunpoint, and conducted forced recruitment. Furthermore, they detonated mines to destroy critical infrastructure vital for commodity flow, including the Yaypu Bridge, the Mile-40 Bridge, and the Kanyindon Bridge, and dug cross-ditches to create roadblocks. As a result, local travelers and cargo vehicles dared not commute, which delayed freight transport, caused border trade to decline, led to local shortages of food and consumer goods, and drove up commodity prices. Due to these travel restrictions and road blockades, local healthcare and children's education suffered severe disruptions, steadily devastating the socio-economic life of the local population.

*See Page 15*



Damage to the Mile-40 Bridge caused by terrorist insurgents' explosive attacks.



Record of reconstruction of the 30-foot steel-truss Bailey bridge at Mile-40 Bridge, destroyed by terrorist insurgents.

Record of reconstruction of the 170-foot steel-truss Bailey bridge at Kanyindon Bridge, destroyed by terrorist insurgents.



Documentary photo of the completed Kanyindon Bridge.



Tatmadaw columns retake villages along the Kamamaung–Hpapun route.

*From Page 14*

Therefore, to regain control of and reopen the route and to restore the socio-economic life of the public, Tatmadaw columns made the necessary preparations and regrouping in Kamamaung town. Commencing on May 5, 2026, separate columns systematically carried out phased operations to reopen the route. Consequently, they successfully retook control of Kyauk Kwin Lay village on May 8, Wet Thoe Kho and Mezaing Chaung Phya villages on May 10, Nay Ka village on May 16, Yepu village on May 18, Mile-40 village on May 24, Noe Khe Doe and Baw Kyo Hta villages on May 31, Ka Taing Ti village on June 3, Baw Kyo Le village on June 23, Shan Ywa village on June 24, Taung Thu Su village on June 27, Hparlon Lay village on July 25, and Hparlongyi village—located approximately 1,800 meters east of milepost 28/5 on the Kamamaung–Hpapun route—on September 7.

During these recapture operations, security personnel fought selflessly without regard for their own lives, engaging in 56 armed clashes with the joint terrorist insurgent groups. The security forces seized 11 temporary footholds and camps, 13 enemy bodies, 15 assorted firearms, ammunition and related accessories, 24 FPV drones, 243 assorted mines, walkie-talkies, and other equipment. Some security personnel made the ultimate sacrifice for the State and the Tatmadaw.

Additionally, while carrying out security operations along the route, military engineering corps collaborated with officials from the relevant ministries to repair and rebuild the bridges destroyed by mines. The Yaypu Bridge was completed on June 23, 2026; the Mile-40 Bridge on June 24; and the Kanyindon Bridge on August 24. Consequently, motor vehicles and travelers can now cross these roads and bridges normally.

Tatmadaw columns, with the participation and cooperation of local residents, will continue operations to regain control of and reopen the remaining section of Hparlongyi-Hpapun along the Kamamaung–Hpapun route as quickly as possible. Counter-terrorism operations will persist against the terrorist insurgents who commit acts undermining national development and devastating the socio-economic well-being of the local population.

100



Documentary photo of arms, ammunition, and related materiel seized from terrorist insurgents.



Documentary photo of arms, ammunition, and related materiel seized from terrorist insurgents.

# Salingyi Township to plant more than 5,000 acres of vegetables in coming cold season

**Salingyi September 8**

In Sagaing Region's Yinmabin District, Salingyi Township, more than 5,000 acres of vegetables will be cultivated during the coming winter crop season, according to statistics from the Salingyi Township Agriculture Department.

During the 2026-2027 winter crop season, Salingyi Township has planned to cultivate 5,790 acres of vegetables, with planting scheduled to take place from October to December this year.

"This year, more than 5,000 acres of vegetables have been planned for cultivation during the coming winter crop season in Salingyi Township. The crops include mustard, chilli, spices, potato, cabbage, eggplant and cauliflower. We are providing farmers with technical assistance to enable them to grow all vegetables in accordance with Good Agricultural Practices (GAP). We will also provide technical guidance to ensure that all vegetables are cultivated in a health-conscious manner with minimum chemical residues," said U Wai Lin Tun, Head of the Salingyi Township Agriculture Department.

This year, the Township Agriculture Department will provide vegetable growers in Salingyi Township with technical training on cultivation in accordance with GAP, as well as guidance on producing healthy and safe vegetables from their farms. Measures will also be taken to encourage farmers to expand vegetable cultivation.

Various vegetables are cultivated seasonally every year in Salingyi Township. The crops have been growing successfully and providing income for families. The Township Agriculture Department will provide farmers who plan to grow vegetables with awareness and technical guidance on proper cultivation methods, prevention of pest infestations, and the preparation and use of natural fertilizers, natural pesticides and pest repellents.

206



A thriving vegetable plantation.

# Emergency flood warning issued for central Japan river amid torrential rain

**Tokyo September 8**

Torrential rain lashed central Japan on Tuesday, leading to flooding in some areas and prompting an emergency flood warning for a major river in the region.

The Japan Meteorological Agency (JMA) issued a Level 5 emergency warning for flooding of the Shonai River, which runs through Gifu and Aichi prefectures, the highest level alert on the agency's scale of one to five for flooding.

Nagoya City in Aichi Prefecture logged 104.5 mm of rain in the one hour ending at around 4:50 p.m. local time, the highest hourly rainfall ever recorded in the city since record-keeping began, according to the JMA.

As of 7 p.m. local time, about 1,600 people had taken refuge at evacuation shelters, according to the city government.

All subway services operated by the city, as well as other local train services, were suspended, affecting many commuters.

Weather officials said torrential rain could continue in many parts of the country over the next few days, urging people to remain on high alert for landslides, overflowing rivers and flooding in low-lying areas.

Xinhua

# South Sudan, Uganda agree to ease cross-border activities during health emergencies

**Juba September 8**

South Sudan and Uganda have agreed to remove administrative barriers to facilitate the rapid movement of health personnel, medical vehicles, and emergency supplies across their shared border.

The commitment was formalized Monday evening in Juba, the capital of South Sudan, when the two countries' health ministers signed a Memorandum of Understanding (MoU) aimed at strengthening cross-border disease surveillance, joint outbreak response, and regional health security.

South Sudan's Vice President for the Service Cluster Hussein Abdelbagi Akol stated that the government will expedite temporary visa and work permit waivers to allow emergency personnel to move unhindered across the border to support joint surveillance activities.

"The Republic of South Sudan and the Republic of Uganda stand united in our resolve of strengthening cross-border collaboration, seamless information sharing, and preparedness and coordinated response to the public health threat," Akol said during the signing of the MoU.

South Sudan Health Minister Luke Thompson Thoan Teny said the MoU elevates bilateral cooperation from informal goodwill to an institutionalized rapid-response framework, and he cautioned that localized disease outbreaks can quickly escalate into regional emergencies.

Under the pact, the two nations will exchange real-time epidemiological data, issue mutual outbreak alerts, execute joint contact tracing, standardize border entry screening, and coordinate mobile health unit deployments.

Uganda's Health Minister Chris Baryomunsi emphasized that the agreement is critical given the frequent cross-border movement and lessons learned from past epidemics.

Xinhua





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**“လူတိုင်းအတွက်ပညာရေး”ဆိုသည့်အတိုင်း ကျေးလက်ဒေသနှင့် အစွန်အဖျားဒေသများပါမကျန် ပြည်သူအားလုံးစာတတ်မြောက်ရန် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များကို အင်တိုက်အားတိုက်အကောင်အထည်ဖော်ဆောင်ရွက် . . .**

❍ **နိုင်ငံတကာစာတတ်မြောက်ရေးနေ့မှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ်နှင့် ပညာရှင်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက “လူတိုင်းအတွက် ပညာရေး” တေးသီချင်းဖြင့် သရုပ်ဖော်ကပြဂုဏ်ပြုတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းကြောင်းအစသည် ၁၉၆၄ ခုနှစ်က မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာမှစတင်ခဲ့သည့် အရေး၊ အဖတ်၊ အတွက်ဆိုသည့် **“အ”**သုံးလုံးကျေလှုပ်ရှားမှုဖြစ်ကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုအဖြစ် လူထုအင်အားဖြင့်ဖော်ဆောင်ခဲ့ပြီး အောင်မြင်သည့်ပညာရေးကဏ္ဍသမိုင်းပြယုဂ်တစ်ခုဖြစ်ခဲ့ကြောင်း။

ထိုသို့ လူထုလှုပ်ရှားမှုအနေဖြင့် နိုင်ငံတစ်ဝန်းအင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် ယူနက်စကို၏ **“မိုဟာမက်ရီဇာပါလာဗီဆု”** နှင့် ၁၉၈၃ ခုနှစ်၌ **“နိုမာဆု”**တို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာ့စာတတ်မြောက်ရေး လှုပ်ရှားမှုကို လေးစားစွာ အသိအမှတ်ပြုခြင်းခံခဲ့ရခြင်းဖြစ်သဖြင့် မိမိတို့အားလုံးဂုဏ်ယူရမည့်သမိုင်းမှတ်တိုင်များဖြစ်သကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုများဆက်လုပ်ကြရန် တိုက်တွန်းနှိုးဆော်နေခြင်းဖြစ်သည်ဟု ခံယူသွားကြရမည်ဖြစ်ကြောင်း။

စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏မွေးရာပါ အခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားလည်းဖြစ်ကြောင်း၊ လူသားတစ်ယောက်အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာများနှင့် ဘဝကိုရှင်သန်ဖြတ်သန်းနိုင်မည်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများဆက်လက်ဆည်းပူးပြီး မှန်ကန်သည့်ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်အနေဖြင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့”**ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး လူတိုင်း စာတတ်မြောက်စေရန်အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရပြီး ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်ကကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၃ ဒသမ ၉၃ သန်းတွင် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိပြီး စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၇ ဒသမ ၂၆ သန်းတွင် စာမတတ်သူ ၄ ဒသမ ၁ သန်းခန့်ရှိပြီး စာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်၏ ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများတွင် ပြည်သူများ၏စာတတ်မြောက်မှုနှုန်းနည်းပါးနေသေးသည်ကိုတွေ့ရှိရကြောင်း၊ ယခင်က တစ်နိုင်ငံလုံး စာမတတ်သူပပျောက်ရေးအတွက် **“အ”** သုံးလုံးသင်တန်းများဆောင်ရွက်ပြီး အောင်မြင်မှုများရရှိခဲ့သည့်အတွက် ယခုအခါတွင် ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသများရှိ ပြည်သူအားလုံး စာတတ်မြောက်ရေးဆောင်ရွက်ပေးရန် လိုအပ်လာသည့်အတွက် အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်းထိ တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရကြောင်း၊ ကျန်ရှိနေသေးသည့် စာမတတ်သူဦးရေကိုလည်း နှစ်အလိုက်ထိရောက်စွာလျှော့ချနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားကြရမည်ကို အသိပေးမှာကြားလိုကြောင်း။

ယခုနှစ်အတွက် ယူနက်စကိုကထုတ်ပြန်ထားသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **“ကမ္ဘာမြေနှင့် လူသားများသာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့” "Literacy for people, the planet, and prosperity"** ဖြစ်ကြောင်း၊ ထိုဆောင်ပုဒ်အရ လူသားတစ်ဦးချင်းစီ၏ စာတတ်မြောက်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်သာမက မိမိနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံး၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းဆောင်ပေးနိုင်သည့်အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသင်ပညာရေး(Formal Education)သာမက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပ ပညာရေး (Non–Formal Education)ဆိုသည့် တန်းညှိ ပညာရေးအစီအစဉ်များကိုပါ အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

တန်းညှိပညာရေး အစီအစဉ်များဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာရေးကို ပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပမူလတန်း ပညာရေးအစီအစဉ်(Non–Formal Primary Education–NFPE) နှင့် မူလတန်းအဆင့် ပြီးမြောက်သော်လည်း အလယ်တန်းပညာရေးကို ဆက်လက်မသင်ယူနိုင်ခဲ့သည့် ကလေးများနှင့် လူငယ်များအတွက်ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်(Non–Formal Middle Education– NFME)များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါအစီအစဉ်များသည် ကျောင်းပြင်ပရောက် ကလေးများအတွက် အဖိုးတန်သည့် **“ဒုတိယအခွင့်အရေး”**တစ်ခုဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရများက ဟန်ချက်ညီညီအကောင်အထည်ဖော်ဆောင်ရွက်ပေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ကြရန် မှာကြားလိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်အစွန်အဖျားများရှိ တိုင်းရင်းသားပြည်သူများ၏ အရေး၊ အဖတ်၊အတွက်အချက်များကို တတ်မြောက်လာစေရန်အတွက်ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့်အသင်းအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျေးလက်ဒေသအစွန်အဖျားနေ တိုင်းရင်းသားပြည်သူများ စာတတ်မြောက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အလေးအနက်ထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တစ်ဆက်တည်းတွင် စာတတ်ပေတတ်၊ အတတ်ပညာရှင်အဖြစ်နှင့်သာ ကျေနပ်ရောင့်ရဲမနေကြဘဲ ဘဝအတွက် ပိုမိုပြည့်စုံရန်၊ ဗဟုသုတကြွယ်ဝရန်၊ အသိပညာပြည့်ဝရန်အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်ကိုလည်း စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကိုအားပေးဆောင်ရွက်ပေးနေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ပညာဆိုသည်မှာ ရှာဖွေလေ့လာ၍ မကုန်နိုင်သည့်အတွက် မိမိတို့အားလုံးသည် စာတတ်သူတိုင်း စာဖတ်ကြရေးနှင့် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းအဖြစ် ရှင်သန်ရပ်တည်နိုင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမတတ်သူဦးရေပပျောက်ရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယခု ၂၀၂၆ ခုနှစ်အတွင်းတွင် သိသာထင်ရှားသည့် အောင်မြင်မှုများကိုရရှိခဲ့ကြောင်း၊ အထူးသဖြင့် ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင်ရှိသည့် သတ်မှတ်မြို့နယ်များတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုရလဒ်များရှိခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုသို့အောင်မြင်ရခြင်းသည် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များက ကိုယ်တိုင်ကိုယ်ကျအားတက်သရောပါဝင်ပံ့ပိုးပေးသကဲ့သို့ ဒေသခံပြည်သူလူထုကိုယ်တိုင်ကလည်း စာတတ်မြောက်ရေးသည် ဘဝတိုးတက်ရေးအတွက် အရေးကြီးသည်ဆိုသည်ကိုသိမြင်ပြီး စိတ်ဝင်စားတက်ကြွစွာ ပါဝင်လာကြခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် အခြေခံပညာ ဆရာ၊ ဆရာမများက မိမိတို့၏ပုံမှန်တာဝန်များအပြင် ဒေသခံများ စာတတ်မြောက်ရန်အတွက် ကိုယ်ပိုင်အချိန်များထဲမှ စေတနာအပြည့်ဖြင့် ကူညီပံ့ပိုးပေးခဲ့မှုများကြောင့်ဖြစ်သည်ကို ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပြောကြားလိုကြောင်း။

စာတတ်မြောက်ခြင်းသည် အသိပညာ ဗဟုသုတများတိုးပွားစေရုံတင်မကဘဲ တစ်ဦးချင်းစီ၏ လူနေမှုဘဝကိုပါမြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့်**“လူတိုင်းအတွက်ပညာရေး”**ဆိုသည့်အတိုင်း ကျေးလက်ဒေသနှင့်အစွန်အဖျားဒေသများပါမကျန် ပြည်သူအားလုံးစာတတ်မြောက်ရန် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များကို အင်တိုက်အားတိုက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိအောင် ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာရှင်များနှင့် မိဘပြည်သူအားလုံးက လက်တွဲညီညီဖြင့် ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်မြောက်ခြင်းမှတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းထားသော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အတူတကွချီတက်ကြပါစို့ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်ပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မောင်စိုင်းသူထွေး၊ ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မဂျူးဂျူးခိုင်၊ တတိယဆုရရှိသည့် မြိတ်တက္ကသိုလ် တတိယနှစ်(ဂုဏ်ထူးတန်း)၊ ဓာတုဗေဒမှ မောင်ဇော်လှိုင်မျိုးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညိုစောက ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍများ အလိုက် ကြိုးပမ်းဆောင်ရွက်နေမှုများ မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။ ယင်းနောက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်လေးများက “စေတနာပန်းတို့ လန်းရာမြေ” သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများကို ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မဂျူးဂျူးခိုင်ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

PPIB News

# ပုသိမ်မြို့ နယ်မြေခံတပ်နယ်နှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးတို့တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ပေး



**နေပြည်တော် စက်တင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယနေ့တွင် နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များကို လမင်းစီမံချက်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ နိုင်ငံသားကတ်ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများကို e-ID စနစ်ဖြင့် UID ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်တစ်ဆင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံး ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများက ဒေသခံပြည်သူများကို လမင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းပြောင်းဝင်၊ ပြောင်းထွက်၊ မွေးဖွားမှု၊ သေဆုံးမှုတို့အတွက် လူဦးရေအတိုး၊ အလျှော့လုပ်ငန်းစဉ်များ၊ အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသူများ၊ နိုင်ငံသားကတ်ပျက်စီး၊ ပျောက်ဆုံးသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူဆောင်ရွက်နေမှု၊ နိုင်ငံသားကတ်ရရှိပြီးသူများကို UID ကောက်ယူဆောင်ရွက်နေမှု၊ မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**☆ ကျောဖုံးမှအဆက်**

အဆိုပါလူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်မှာ သတ်မှတ်ကာလအတွင်းချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို စုစည်းဖော်ပြထားသည့် အစီရင်ခံစာနှင့် လူ့အခွင့်အရေးနယ်ပယ်ရှိ အပြည်ပြည်ဆိုင်ရာဥပဒေများပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို အထွေထွေညီလာခံသို့တင်ပြရန်သာဖြစ်သည်။ ၎င်းအား နိုင်ငံတစ်နိုင်ငံအပေါ် ဥပဒေရေးရာ၊ တရားစီရင်ရေးဆိုင်ရာ သို့မဟုတ် စုံစမ်းစစ်ဆေးရေးယန္တရားတစ်ရပ်ရပ် ကို ဖွဲ့စည်းရန် တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းထားခြင်းမရှိပါ။ ထို့ကြောင့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ ၏ IIMM တည်ထောင်ရန် ဆုံးဖြတ်ချက်သည် UN Charter ကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီထူထောင်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် A/RES/60/ 251 ကိုလည်းကောင်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

IIMM သည် နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားပြီး တစ်ဖက်သတ်ဆန်သော နိုင်ငံရေးအရ သွတ်သွင်းဆောင်ရွက်သည့် လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက်အဆိုများ၏ နောက်ဆက်တွဲရလဒ်တစ်ရပ်သာဖြစ်သည်။ IIMM အနေဖြင့် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသအုပ်စုတစ်စု၏ နိုင်ငံရေးအရ အသုံးချခံလက်ကိုင်တုတ်တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း IIMM ယန္တရား၏ သက်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းသော ပြဋ္ဌာန်းချက် မပါရှိခြင်းနှင့် လုပ်ငန်းတာဝန်နှင့် လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များ (Term of Reference- TOR) တွင် IIMM အနေဖြင့် ကုလသမဂ္ဂ၏ အရင်းအမြစ်များနှင့် အလှူရှင်နိုင်ငံများထံမှ ရန်ပုံငွေများကို ၎င်း၏ဆုံးဖြတ်ချက်ဖြင့် လက်ခံရယူနိုင်သည်ဟု ဖော်ပြထားခြင်းတို့သည် ဘတ်ဂျက်အလွဲသုံးမှုကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ပွင့်လင်းမြင်သာမှုကင်းမဲ့လျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် IIMM ဆိုသည့်ယန္တရား၏ နှစ်စဉ်အစီရင်ခံစာဖြစ်သည့် A/HRC/63/19 သည် ယခင်နှစ်များနည်းတူ မြန်မာ့တပ်မတော်အပေါ် တစ်ဖက်သတ်စွပ်စွဲချက်များ၊ အတည်မပြုနိုင်သည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှရရှိသည့် သတင်းများနှင့် ကိန်းဂဏန်းဖောင်းပွမှုများအပေါ် အခြေခံရေးသားထားကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏အခြေအနေနှင့်ပတ်သက်၍ ယခုကဲ့သို့ လွဲမှားစွာဖော်ပြချက်များသည် အကြမ်းဖက်မှုကို အားပေးကူညီခြင်း၊ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်ပွားစေခြင်းတို့အပြင် နိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် အစိုးရ၏ကြိုးပမ်းအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်စေနိုင်သည်။

၎င်းတို့စွပ်စွဲထားသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးများသည် လက်နက်ကိုင်သောင်းကျန်းသူများက မြို့ရွာများကို အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်မှုများကြောင့် တပ်မတော် အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အသက်အိုးအိမ် ကာကွယ်ရေးတို့အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-RoE) နှင့်အညီ စစ်ရေးပစ်မှတ်များကိုသာ ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများထိခိုက်မှုမရှိစေရေး အထူးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် IIMM ဆိုသည့် အဖွဲ့၏လုပ်ပိုင်ခွင့်အာဏာနှင့် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည့် ၎င်း၏ အဋ္ဌမအကြိမ် နှစ်ပတ်လည်အစီရင်ခံစာအပါအဝင် ထုတ်ပြန်မှု၊ ဖော်ပြချက်အားလုံးအပေါ် ပြင်းထန်စွာ ကန့်ကွက်ပယ်ချကြောင်း ထပ်လောင်းအတည်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်**

---

**🏳 ရှေ့ဖုံးမှအဆက်**

ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများကြား၊ လွှတ်တော်များကြားနှင့် ပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ လေးမျက်နှာမြို့နယ်မှ**

စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရေဝင်လမ်းကြောင်းကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၄၈နာရီနီးပါး ကျမှုအပေါ် ရေဝင်လမ်းကြောင်း ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို နေ့လယ်စာ ဒံပေါက်ဘူးများနှင့် Mytel ဆင်းကတ်များ လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၅) ရပ်ကွက်သို့သွားရောက်၍ ရေပြန်လည်ကျဆင်းမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေပြန်လည်ကျဆင်းလာသဖြင့် ၎င်းတို့၏နေအိမ်များတွင် ပြန်လည်နေထိုင်နေကြသည့်ပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားများပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---

**ရတနာသစ်တော ပြည့်သွေးကြော**
**သစ်တောရတနာ ထိန်းသိမ်းပါ။**

---

**✱ ကြိုးပြင်ကာကွယ်တောမှ**



ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိပြီး အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေများတွင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းလာနိုင်ခြင်းဖြင့် သစ်တောနယ်မြေများတိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ကာလိ(၁) ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ သစ်ရာ၊ ထောက်ကြံ့၊ သစ်စေးဆီးဖြူဖန်ခါး၊သစ်ယား၊သစ်မကျီး၊ ရင်းတိုက်၊ ရင်းစပ်၊ လက်ပံပင်များပေါက်ရောက်ပြီး ဝါးပိုးဝါး၊ မြင်ဝါး၊ သိုက်ဝါးများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ချေ၊တောကြောင်၊ကြက်တူရွေး၊ ဗျိုင်းငှက်များ၏နေရင်းဒေသများ ထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

**❖ မန္တလေးပြည်သူ့ဆေးရုံကြီးမှ**

နှလုံးစက်အသုံးမပြုဘဲ နှလုံးသွေးကြောအစားထိုးဖြတ်ကျော် ဆက်သွယ်ခြင်း (Off-Pump Coronary Artery Bypass Surgery) ဖြင့် ခွဲစိတ်ကုသပေးခဲ့ရာ ၎င်းလူနာများကို မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနတွင် လိုအပ်သောကုသမှုများဆက်လက်ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပါမောက္ခ Dr. Feng Wan သည် ၂၀၀၈ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံရှိ ပြည်သူ့ဆေးရုံကြီးများ၌ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနနှင့်ပူးပေါင်း၍ နှလုံးနှင့်သွေးကြောခွဲစိတ်ကုသမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၇ ခုနှစ်တွင်လည်း မြန်မာနိုင်ငံသို့ ထပ်မံလာရောက်၍ နှလုံးခွဲစိတ်ကုသမှုများနှင့် နှလုံးနှင့် သွေးကြောခွဲစိတ်ပညာဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနအနေဖြင့် မွေးရာပါနှလုံးရောဂါများ၊ နှလုံးအဆို့ရှင်ဆိုင်ရာရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသမှုများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း အကြီးစားခွဲစိတ်ကုသမှု ၁၅ ခုနှင့် ၂၀၂၆ ခုနှစ် ဩဂုတ်လထိ အကြီးစားခွဲစိတ်ကုသမှု ၄၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပ





**မန္တလေး စက်တင်ဘာ ၈**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီးအဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများကိုဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "ဝထကလသ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က UNESCO ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား စာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်မှု video clip ကိုပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက အမှတ်(၁၄)၊ အမှတ်(၅)၊ အမှတ်(၁)၊ အမှတ်(၁၆)၊ အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုသီချင်းများဖြင့် သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်းနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များအစည်းအဝေး (23rd Southeast Asia Red Cross Red Crescent Leaders Meeting) ၏ ပထမနေ့ကို "Unity in Humanitarian Action: Building a Better Tomorrow" — "စည်းလုံးညီညွတ်သော လူမှုကရုဏာလုပ်ငန်းများဖြင့် ပိုမိုကောင်းမွန်သောအနာဂတ်ကို တည်ဆောက်ခြင်း" ဟူသော ဆောင်ပုဒ်ဖြင့် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ အရှေ့တောင်အာရှနိုင်ငံများမှ ကြက်ခြေနီနှင့် လခြမ်းနီအသင်းခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ အရှေ့တောင်အာရှဒေသအတွင်း ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများနှင့် အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးတွင် IFRC နှင့် ASEAN ကြား နားလည်မှုစာချွန်လွှာ(MoU) အကောင်အထည်ဖော်မှု တိုးတက်ချက်များ၊ Kuala Lumpur Statement အကောင်အထည်ဖော်မှု တိုးတက်ချက်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရာဖွေကယ်ဆယ်ရေး လုပ်ငန်းအတွေ့အကြုံများ၊ အရှေ့တောင်အာရှ ရှေးဦးပြုစုခြင်း ကွန်ရက်နှင့် ကွန်ရက် Mapping (First Aid Accreditation Roadmap) တို့အပြင် အရှေ့တောင်အာရှဒေသအတွင်း ကျန်းမာသောလူမှုအသိုက်အဝန်းများ တည်ဆောက်ရေး၊ MHPSS၊ ရောဂါကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်နိုင်စွမ်းမြှင့်တင်ရေး၊ အမျိုးသားအသင်းများကြား အပြန်အလှန်အကူအညီပေးရေး၊ ကြက်ခြေနီ လခြမ်းနီဝန်ထမ်းများ၏ လုံခြုံရေးနှင့် Duty of Care၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသော ဒေသတည်ဆောက်ရေးနှင့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်စာတမ်းအရ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မန္တလေးငလျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ခံမှုရှိစွာ ဆောင်ရွက်နိုင်ရေး၊ အမျိုးသားအသင်းများ၏ ဘဏ္ဍာရေး ရေရှည်တည်တံ့နိုင်မှု၊ ပြည်တွင်းဝင်ငွေရရှိရေးနှင့် ရန်ပုံငွေရှာဖွေရေးအရင်းအမြစ်များ မျိုးစုံတိုးချဲ့ရေးတို့ကို ဆွေးနွေးကြပြီး ပထမနေ့အစည်းအဝေး အစီအစဉ်များကို ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။




ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့အခြေခံပညာအထက်တန်းကျောင်း(ရွှေမြို့)မှ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများ၊ တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း (သပြေချောင်း)မှ ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (မဝ၁)

# ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်း မြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ဝေန်မြစ်ရေသည် ဩဂုတ် ၁၄ ရက်တွင် ၇ပေ၉လက်မထိအမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၄ပေ ၅ လက်မခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၄ လက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၂ လက်မခန့်သာကျန်ရှိသဖြင့် ငါးပေခန့်ထိကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ဝေန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၃ပေ ၅ လက်မခန့်ကျဆင်းသွားကြောင်း၊ ကျုံပျော်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၉ လက်မခန့်ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေခန့်သာကျန်ရှိသဖြင့် ၁ ပေ ၁ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ၁)

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေ ပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များက ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့်(၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင် (၁၁/၅) မှ တာမိုင်(၁၁/၇)ကြား ဆည်မြောင်းတာအပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ် သဲအိတ်ချခြင်းနှင့် ရေလမ်းသောင်တူးခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


(၅၀၁)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၈**

ယနေ့နံနက် ၆နာရီ ခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။




မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

## ၈-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၅ ~ ၃၆၇၀ | ၅၅၈.၂ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၆,၃၁၆,၁၄၂.၈၀ | ၃၀,၆၇၇,၆၀၄.၉၅ | ၂၈,၂၁၉,၉၆၂.၅၉ | - |

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၉-၉-၂၀၂၆ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၆-၉- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်တွေကို ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

(၈- ၉ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသား သုံးဦး၊ ယူဂန်ဒါနိုင်ငံသား သုံးဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၂ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာ ထောက်ထားမှု၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို ယနေ့တွင်လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ယူဂန်ဒါနိုင်ငံ၊ ရဝမ်ဒါနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကိုဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြဝ)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူ တရားခံ အမျိုးသား နှစ်ဦးကို သက်သေခံဆိုင်ကယ် ၁၉ စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူ တရားခံ အမျိုးသားနှစ်ဦးကို သက်သေခံဆိုင်ကယ် ၁၉ စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီ နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကာ နေ့၊ ညလှည့်ကင်းနှင့် ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်သင်္ကာမကင်းသူများကို စစ်ဆေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မေ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စက်ရုံကျေးရွာနေ မထက်ထက်ဖြိုး ၂၈ နှစ်သည် ဈေးကုန်းကျေးရွာရှိ ဆင်သေဈေးသို့ ၎င်းပိုင် ၄ဖယ/၇၃၄၈၂ Honda Wave-100 ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ပြီး ဆိုင်ကယ်ကို ဈေးအနီးရပ်တန့်၍ ဈေးဝယ်သွားခဲ့ပြီးပြန်လာစဉ် ဆိုင်ကယ်ပျောက်ဆုံးခဲ့ကြောင်း သတင်းအရ ဆိုင်ကယ်ခိုးယူသူ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ပျဉ်းမနားမြို့မရဲစခန်း၌ (ပ) ၁၄၅/ ၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉ (မော်တော်ဆိုင်ကယ်)ဖြင့် အမှုရေးဖွင့်စုံစမ်းခဲ့သည်။

တရားခံ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက်ညပိုင်းတွင် ဆိုင်ကယ်ခိုးယူသူ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာနေ လမင်းဇော် ၂၂ နှစ်၊ ဥယျာဉ်စုရပ်ကွက်နေ ဇင်ရဲထွန်း ခေါ် ရဲထွန်း ၂၆ နှစ်တို့နှစ်ဦးကို ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိပြီး အခြားပြစ်မှုများကျူးလွန်ခဲ့ခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၂၆ ခုနှစ် မေလ၊ ဇွန်လနှင့် ဇူလိုင်လတို့အတွင်း၌ ပျဉ်းမနားမြို့နယ်မှ ဆိုင်ကယ် ၁၃ စီး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အသီးသီးမှ ဆိုင်ကယ် ခြောက်စီး စုစုပေါင်းဆိုင်ကယ် ၁၉ စီးတို့ကို ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး သက်သေခံဆိုင်ကယ် ၁၉ စီးကို သိမ်းဆည်းနိုင်ခဲ့သည်။

ဖြစ်စဉ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်များလိုက်လံခိုးယူသူ တရားခံ လမင်းဇော်၊ ဇင်ရဲထွန်း ခေါ် ရဲထွန်းတို့နှစ်ဦးကို ခိုးမှုကျူးလွန်ရာမှ ရရှိသည့် သက်သေခံဆိုင်ကယ် ၁၉ စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့ခိုးမှုကျူးလွန်ခဲ့သည့် သက်ဆိုင်ရာနယ်မြေရဲစခန်း အသီးသီး၌ အမှုပေါင်း ၁၆ မှုဖြင့် အမှုရေးဖွင့်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြဝ)

■ **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့် ရှုံး၊ ထွက်ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ သာသနာရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

စက်တင်ဘာ ၉ ရက်(**ယနေ့**)နံနက် ၁၀ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

◆ **တပ်မတော်စစ်ကြောင်းများမှ**

အကြမ်းဖက် သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဒေသတွင်းအဖျက် အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်စေရန် ရည်ရွယ်၍ ကမမောင်း-ဖာပွန်သွားကားလမ်းမကြီးကို ထိန်းချုပ်နိုင်ရန်အတွက် လမ်းကြောင်းတစ်လျှောက်၌ လုံခြုံရေးဆောင်ရွက်နေသော တပ်စခန်းငယ်များကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ အင်အားအလုံးအရင်းဖြင့် Drone များ၊ လက်နက်ကြီးများ အသုံးပြုကာ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် အကောင်းဆုံး ကြံ့ကြံ့ခံ ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက အင်အားများ အဆက်မပြတ်ဖြည့်တင်း ကာ ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသရှိ ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်အတွက် စစ်နည်းဗျူဟာမြောက် ယာယီဆုတ်ခွာပေးခဲ့ရသဖြင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကမမောင်း-ဖာပွန်သွား ကားလမ်းမကြီးကို ယာယီ စိုးမိုးထိန်းချုပ်ခဲ့ပြီး အဖျက်အမှောင့် လုပ်ငန်းမျိုးစုံလုပ်ဆောင်ခဲ့ကြသည်။




တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထိန်းချုပ်ထားသည့် ကမမောင်း-ဖာပွန်လမ်းကြောင်းကို နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုပြမြေပုံ။




တပ်မတော်စစ်ကြောင်းများက ကမမောင်း- ဖာပွန်လမ်းကြောင်းရှိ ကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက ကမမောင်း- ဖာပွန်လမ်းကြောင်းရှိ ကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက ကမမောင်း- ဖာပွန်လမ်းကြောင်းရှိ ကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ရေပူတံတား ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကညင်ဒုံတံတားပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

KNU၊ KNLA အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည် အဆိုပါလမ်းကြောင်းတစ်လျှောက်ကို ယာယီစိုးမိုးထားစဉ်အတွင်း လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသွားလာနေသော ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များကို ဆက်ကြေးများ အဆမတန်ကောက်ခံခြင်း၊ ကုန်ပစ္စည်းများ လုယက်ယူဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် စစ်ရေးပစ်မှတ်မဟုတ်သော ရေပူတံတား၊ မိုင် ၄၀ တံတား၊ ကညင်ဒုံတံတားတို့အပါအဝင် လမ်း၊ တံတားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မြေဖြတ်ကျင်းများတူး၍ အတားအဆီးပြုလုပ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာလုပ်ဆောင်ခဲ့ကြရာ ဒေသတွင်း ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်တို့မှာ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများ နှောင့်နှေး၍ ဒေသတွင်း စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့ရသည်။ ထို့ပြင် ခရီးသွားလာမှုကန့်သတ်လာခြင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ လမ်းကြောင်းပိတ်ဆို့မှုများကြောင့် အဆိုပါဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍတွင် အဟန့်အတားများဖြစ်ပေါ်မှုနှင့် စီးပွားရေးကျဆင်းလာမှုတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တဖြည်းဖြည်း ချွတ်ခြုံကျဆင်းလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါလမ်းကြောင်းတစ်လျှောက်ကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက ကမမောင်းမြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် မေ ၅ ရက်မှစ၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြရာ မေ ၈ ရက်တွင် ကျောက်ကွင်းလေးကျေးရွာကိုလည်းကောင်း၊ မေ ၁၀ ရက်တွင် ဝက်သိုးခိုကျေးရွာ၊ မီဗိုင်းချောင်းဖျားကျေးရွာတို့ကိုလည်းကောင်း၊ မေ ၁၆ ရက်တွင် နေကာကျေးရွာကိုလည်းကောင်း၊ မေ ၁၈ ရက်တွင် ရေပူကျေးရွာကိုလည်းကောင်း၊ မေ ၂၄ ရက်တွင် မိုင် ၄၀ ကျေးရွာကိုလည်းကောင်း၊ မေ ၃၁ ရက်တွင် နိုခဲဒိုကျေးရွာ၊ ဘောကျိုထကျေးရွာတို့ကိုလည်းကောင်း၊ ဇွန် ၃ ရက်တွင် ကတိုင်တိကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ဘောကျို့လယ်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၄ ရက်တွင် ရှမ်းရွာကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၇ ရက်တွင် တောင်သူစုကျေးရွာကို လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ဖာလုံလေးကျေးရွာကိုလည်းကောင်း၊ **စာမျက်နှာ ၂၄ သို့**



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း များနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရေပူတံတား အရှည် ၄၅ ပေ သံဘောင်ဘေလီတံတားလက်ရန်းများဖြုတ်ချပြီး လုပ်ငန်းစတင်ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၃ မှအဆက်**

စက်တင်ဘာ ၇ ရက်တွင် ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ မိုင်တိုင်အမှတ် ၂၈/၅ မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာကိုလည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်ကိုပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၅၆ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စင်း၊ မိုင်းမျိုးစုံ ၂၄၃ လုံး၊ လမ်းလျှောက်စကားပြောစက်များ၊ အသုံးအဆောင်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါလမ်းကြောင်း တစ်လျှောက်ကို နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် တံတားများကို စစ်မြေပြင်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့ရာ ရေပူတံတားကို ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်တွင်လည်းကောင်း၊ မိုင် ၄၀ တံတားကို ဇွန် ၂၄ ရက်တွင်လည်းကောင်း၊ ကညင်ဒိုတံတားကို ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း ပြန်လည်ပြုပြင်ဆောက်လုပ်ပြီးစီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ အဆိုပါလမ်း၊ တံတားများပေါ်တွင် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် ကမမောင်း-ဖာပွန် လမ်းကြောင်းရှိ ကျန်ရှိနေသည့် ဖာလုံကြီး-ဖာပွန်လမ်းပိုင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများကို အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**တန့်ဆည် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၁၅၇ ဧက နှင့် ဖူးစားပြောင်း ၁၀၁၆ ဧက စုစုပေါင်း ၈၁၇၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၇၀၀၉ ဧက နှင့် ဖူးစားပြောင်း ၂၆၆၉ ဧက စုစုပေါင်း ၉၆၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၈၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိမှာလျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက် အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့

**ကျုံပျော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအားကောင်းနေကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ ဆန်ကွဲတွေကို ပြီးခဲ့တဲ့ တစ်လအတွင်း ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ လုပ်ငန်းနဲ့ဆက်စပ်သူတွေ အကုန်အဆင်ပြေနေပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။



ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဆီဆိုင်မြို့နယ် နမ့်ဟူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆီဆိုင် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နမ့်ဟူးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် ဝန်ထမ်းများက နမ့်ဟူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၇၄ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နမ့်ဟူးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ရန်ပုံငွေကျပ် ၇၄ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစို့

\- အမျိုးဂုဏ်နှင့် ဇာတိဂုဏ်
လွှမ်းခြုံကာ ရင်ဝယ်ကိန်း၊
တိုင်းရင်းသားတွေ ယဉ်ကျေးမှုကိုလည်း
ပေါင်းစုထိန်းသိမ်း။

\- အမျိုးသားရေး စရိုက်လက္ခဏာ
မပျောက်ပျက်ပါစေရေး၊
ခေတ်လူငယ် မျိုးဆက်သစ်တို့
တိုးချစ်စိတ်မွေး။

\- အမျိုးသားရေး စိတ်ဓာတ်မှန်
ထက်သန်ကြစေသား၊
မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို
ရှေးရှုလေးစား။

\- ဘိုးဘွားတို့ ရိုးရာအမွေ
ရှိသေမှ တန်ဖိုးမြင့်၊
အနုပညာ အမွေအနှစ်ကို
ချစ်မြတ်နိုးသင့်။

\- မြန်မာ့ယဉ်ကျေးမှု အနုပညာ
တိုးတက်ကာ ဖွံ့ဖြိုးဖို့၊
ဝိုင်းဝန်းကာ အတူတကွ
မြှင့်တင်ကြစို့။

\- မြန်မာတို့ ဓလေ့ရိုးရာ
အရှည်ကြာ မပျက်နွမ်း၊
ကိုယ်ပိုင်ဟန် ဖန်တီးမှုနဲ့
နှုရွထက်တန်း။

\- မြန်မာတို့ရဲ့ အနုပညာ
ကမ္ဘာမှာ တစ်မူကဲ၊
ငြိမ့်ညောင်းစွာ မရိုးမညစ်မို့
နှစ်သက်ကြမြဲ။

\- ဆို၊က၊ရေး၊တီး ပြိုင်ပွဲမဟာ
ပါဝင်ကာ ဆင်နွှဲကြ၊
နိုင်ငံတော် တည်ဆောက်ရေးမှာ
(အနုပညာဖြင့်)
အားပေးတက်ကြွ။

\- တိုင်းရင်းသား ပြည်သူတွေ
ညီတူအရှည် ပျော်ရွှင်ရေး၊
အနုပညာ စွမ်းပကားနဲ့
ခွန်အားကိုပေး။

\- ဘိုးဘွားတို့ ဆက်ကမ်းအမွေ
မပျက်နွမ်းစေ စောင့်ရှောက်ပေး၊
ခေတ်စနစ်တွေ ဘယ်လိုပြောင်းသော်လည်း
ကောင်းဂုဏ်ရည်မွေး။ ။

**မောင်နွေဦး(လယ်ဝေး)**

# အဆင့်မြင့်ရုံးတော်က ပြင်ဆင်တည့်မတ်ခဲ့သောအမှုများ

**စိန်လှိုင်ဗိုလ်**



တရားရုံးအဆင့်ဆင့်သည် စွဲဆိုတင်ပို့လာသော ရာဇဝတ်မှုများကို စီရင်ဆုံးဖြတ်ရာတွင် တရားခံကို ပြစ်မှုထင်ရှားစီရင်ခြင်း၊ တရားခံကို တရားရှင်လွှတ်ခြင်း သို့မဟုတ် တရားသေလွှတ်ခြင်းအမိန့်များကို ချမှတ်ရပါမည်။ တစ်ဆက်တည်းမှာပင် အမှုတွဲနှင့် တွဲလျက်ပါရှိလာသော သက်သေခံပစ္စည်းများကိုလည်း တစ်ပါတည်းစီမံခန့်ခွဲရပါသည်။ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းသည်လည်း အရေးပါ၍အရာရောက်ပါသည်။

အမှုတစ်ခုတွင် ယာဉ်မောင်းတစ်ဦးသည် ယာဉ်ပိုင်ရှင်ကို အသိမပေးဘဲ ပိုင်ရှင်၏မျက်ကွယ်တွင် ပြစ်မှုမကင်းသော ဆောင်ရွက်ချက်များအပေါ် ပိုင်ရှင်သည် တာဝန် ရှိ၊ မရှိ စသည့်မေးခွန်းအတွက် သိသင့်သိထိုက်သော အမှုတစ်ခုကို အကြောင်းပြု၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

မန္တလေးအနောက်တောင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်(၁၁၅၈/၈၅) တွင် တရားခံ ဦးထွန်းညွှာဏ်က ဖြောင့်ချက်ပေးရာ၌ သက်သေခံဘိန်းဖြူများကို ဒေါ်နန်းလူပိုင် သက်သေခံမော်တော်ယာဉ်ဖြင့် သယ်ယူခဲ့ကြောင်း၊ သို့ရာတွင် ၎င်းကိစ္စကို မော်တော်ယာဉ်ပိုင်ရှင် ဒေါ်နန်းလူကို အသိမပေးကြောင်း ထွက်ဆိုထားသည်။

မန္တလေးအနောက်တောင်မြို့နယ်တရားရုံးက ဦးထွန်းညွှာဏ်ကို ဖြောင့်ချက်အရ အပြစ်ပေးပြီး သက်သေခံမော်တော်ယာဉ်ကို အယူခံရက်အလွန်က ပိုင်ရှင် ဒေါ်နန်းလူသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ရာ မန္တလေးတိုင်းတရားရုံးက ထိုအမိန့်ကို ပယ်ဖျက်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်၍ ဒေါ်နန်းလူက ဗဟိုတရားရုံးသို့ အယူခံတင်သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားခံ ဦးထွန်းညွှာဏ်က မိမိ၏ ဖြောင့်ချက်တွင် ဒေါ်နန်းလူပိုင် သက်သေခံမော်တော်ယာဉ်အမှတ် ဂ/---- ဖြင့် သက်သေခံဘိန်းဖြူများကို ရှမ်းပြည်နယ် တန့်ယန်းမြို့မှ ၁၁ မိုင်ခန့်ကွာဝေးသော မန်ကပ်ရွာမှ မန္တလေးသို့ သယ်ဆောင်လာခဲ့ကြောင်း၊ သို့ရာတွင် ၎င်းကိစ္စကို မော်တော်ယာဉ်ပိုင်ရှင် ဒေါ်နန်းလူသို့ အသိမပေးခဲ့ကြောင်း ထွက်ဆိုထားသည်ကို ဗဟိုတရားရုံးက စိစစ်ဝေဖန်ခဲ့သည်။

ဥပဒေသဘောအရ ဖြောင့်ချက်တစ်ရပ်ပါ အချက်အလက်တချို့မမှန်ကြောင်း ညွှန်ပြသည့် အခြားလွတ်လပ်သော အထောက်အထားမရှိလျှင် ဖြောင့်ချက်တစ်ရပ်လုံးကို လက်ခံရန် သို့မဟုတ် ပယ်ရန်ဖြစ်သည်။ လိုရာဆွဲ၍ သုံးရန်မဟုတ်ချေ။ သို့ဖြစ်ရာ သက်သေခံဘိန်းဖြူများကို သက်သေခံကားဖြင့် သယ်ယူသည်ဆိုသောအချက်ကို လက်ခံ၍ ဦးထွန်းညွှာဏ်ကိုအပြစ်ပေးရာတွင် **ထိုသို့ သယ်သည့်ကိစ္စကို ဒေါ်နန်းလူမသိဟူသော ဦးထွန်းညွှာဏ်၏ ထွက်ချက်ကိုလည်း လက်ခံမှသာ မျှတပေလိမ့်မည်ဖြစ်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။**

ပြည်သူ့ရဲတပ်ဖွဲ့က ဒေါ်နန်းလူကို ပြစ်မှုကြောင်းအရ အရေးယူခဲ့ခြင်းမရှိသည်ကို ထောက်ချင့်၍ ဘိန်းဖြူများသယ်သည့်ကိစ္စမှာ ဒေါ်နန်းလူနှင့် မပတ်သက်ဟုယူဆရန် အကြောင်းပေါ်ပေါက်သည်ဟု ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။ ပိုင်ရှင်ကို အသိမပေးဘဲ ပိုင်ရှင်၏မျက်ကွယ်တွင် ဥပဒေအရ တားမြစ်ထားသောပစ္စည်းများကို ယာဉ်မောင်းက မိမိသဘောအလျောက် လျှို့ဝှက်စွာတင်ဆောင်လာခြင်းအတွက် ပိုင်ရှင်အပေါ် တာဝန်ရှိမည်မဟုတ်သည့်အလျောက် အဆိုပါမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် တိုင်းတရားရုံးက အမိန့်ချမှတ်ထားခြင်းသည် လျော်ကန်သင့်မြတ်ခြင်းမရှိကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

မူလမြို့နယ်တရားရုံး၏ စီရင်ချက်တွင် သက်သေခံ ဂ/---- ယာဉ်နှင့်ပတ်သက်၍ ဒေါ်နန်းလူသည် ပြစ်မှုနှင့်မသက်ဆိုင်။ တရားခံအဖြစ်လည်း မပါဝင်၍ ကားကိုသိမ်းဆည်းပါက များစွာနစ်နာမည်ဟုသုံးသပ်ထားသည်ကို ဗဟိုတရားရုံးက တွေ့ရှိရသည်။ ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြု၍ သက်သေခံမော်တော်ယာဉ်အမှတ် ဂ/---- ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် ချမှတ်ထားသော မန္တလေးတိုင်းတရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး ပိုင်ရှင် ဒေါ်နန်းလူသို့ပြန်ပေးစေရန် ချမှတ်ထားသော မူလမြို့နယ်တရားရုံး၏အမိန့်ကို ဗဟိုတရားရုံးက ပြန်လည်အတည်ပြုခဲ့ပါသည်။

**ဒေါ်နန်းလူနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၈၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် (၃၂၀)** ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

စာမျက်နှာအခြေအနေပေးသဖြင့် ဥပဒေဗဟုသုတအလို့ငှာ ပြစ်မှုဆိုင်ရာအမှုတစ်ခုအကြောင်းကို တစ်ဆက်တည်း ရေးသားတင်ပြပါဦးမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ **၅၆၂(၁-က) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ သည် သုံးနှစ်ထိ ထောင်ဒဏ်ထိုက်သောပြစ်မှုဖြစ်သဖြင့် ၎င်းအမှုတွင် ဆိုဆုံးမ၍လွှတ်သည့်အမိန့်သည် ဥပဒေအရမှားယွင်းကြောင်း** ဗဟိုတရားရုံးက စီရင်ထုံးဖွဲ့ခဲ့သောအမှုတစ်ခုဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူ ဗဟိုဥပဒေရုံးက အမှုနှင့်ပတ်သက်၍တင်ပြရာတွင် လျှောက်ထားခံရသူ ကိုခင်အောင်ကျူးလွန်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုသည် **ထောင်ဒဏ်သုံးနှစ်ထိ** ထိုက်သင့်စေနိုင်သောပြစ်မှုဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က)အရ ကိုခင်အောင်ကို ဆိုဆုံးမ၍လွှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြခဲ့သည်။

**အမှုဖြစ်စဉ်အကျဉ်း**

ကျောက်ပန်းတောင်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် (၅၇/၈၅) တွင် ကိုခင်အောင်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုကျူးလွန်သဖြင့် ဆိုဆုံးမ၍လွှတ်သည်ဟု အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို ဗဟိုဥပဒေရုံးကမကျေနပ်၍ ဗဟိုတရားရုံးသို့တင်သွင်းလာသောပြင်ဆင်မှုဖြစ်သည်။ ဥပမာ ကျောက်ပန်းတောင်းမြို့နယ် မကျည်းကိုင်းကျေးရွာနေ ဦးရန်ပ ခုတ်ထားသော သျှားပင်ကို ကိုခင်အောင်က ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီခန့်တွင် သူ၏လှည်းပေါ်သို့တင်နေသည်ကို ဦးရန်ပက တွေ့ရသဖြင့် မတင်ရန်တားမြစ်ရာမှ ကိုခင်အောင်က "ခင်ဗျားအပင်မဟုတ်ဘူး"ဟုပြောဆိုပြီး လက်ထဲတွင်ပါလာသော ဓားမနှင့်ခုတ်သောကြောင့် ဦးရန်ပ၏လည်ပင်းတွင် ဒဏ်ရာရရှိကြောင်း ဦးရန်ပက လက်ပံဖျားရဲစခန်းတွင် တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက ဤအမှုနှင့်ပတ်သက်၍ တင်ပြရာတွင် ကိုခင်အောင်ကျူးလွန်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုသည် ထောင်ဒဏ်သုံးနှစ်ထိ ထိုက်သင့်စေနိုင်သောပြစ်မှုဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က)အရ ကိုခင်အောင်ကို ဆိုဆုံးမ၍လွှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလအမှုတွဲကိုလေ့လာရာတွင် သျှားတုံးကိစ္စနှင့်စပ်လျဉ်း၍ သူ့ပစ္စည်းကိုယ့်ပစ္စည်း အငြင်းပွားပြီးနောက် အချင်းများကြရာတွင် ကိုခင်အောင်က ဓားမဖြင့်ခုတ်၍ ဦးရန်ပ၏လည်ပင်းတွင် သာမန်ဓားဒဏ်ရာတစ်ချက်ရရှိကြောင်း ပေါ်ပေါက်သကဲ့သို့ ဦးရန်ပက ကိုခင်အောင်ကို ဓားဖြင့်ပင်ခုတ်သဖြင့် ကိုခင်အောင်၏ပေါင်တွင် ဓားဒဏ်ရာတစ်ချက်ရရှိကြောင်းပေါ်ပေါက်သည်ဟု ဗဟိုတရားရုံးက စိစစ်တွေ့ရှိခဲ့သည်။

ထို့ကြောင့် ဦးရန်ပနှင့် ကိုခင်အောင်တို့နှစ်ဦးကား ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသရကြောင်း သက်သေခံအထောက်အထားများအရ ပေါ်လွင်နေသည်။ ကိုခင်အောင်က သူ့အပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုတက်ရောက်ခြင်းမရှိခဲ့ပေ။ ဤပြင်ဆင်မှုနှင့်ပတ်သက်၍ မူလတရားရုံးက လျှောက်ထားခံရသူအပေါ် ပြစ်ဒဏ်ချမှတ်ထားချက်သည် မှန်ကန်မှု ရှိ၊ မရှိကိုသာ ဗဟိုတရားရုံးက သုံးသပ်ရန်ရှိကြောင်း စိစစ်ဝေဖန်ခဲ့သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) တွင် "ပြစ်မှုဆိုင်ရာဥပဒေအရ နှစ်နှစ်ထက်ပိုသည့် ထောင်ဒဏ်စီရင်ထိုက်သည့်ပြစ်မှုတစ်ခုခုနှင့် စီရင်ရာတွင် ၎င်းသူအပေါ်ရှိ အထက်က ပြစ်မှုထင်ရှားစီရင်ဖူးကြောင်းမထင်ရှားက ၎င်းစီရင်သည့်ရုံးမှ သင့်သည်ထင်မြင်လျှင် ကျူးလွန်သူ၏ အသက်၊ ယခင်က အကျင့်စာရိတ္တကောင်းကြောင်း၊ ကိုယ်ကာယအခြေအနေ စသည့်အချက်အလက်များနှင့်ပတ်သက်၍ လျှောက်ထားသင့်သည့် အခြားအကြောင်းများကို ထောက်ပြီး ၎င်းကိုအပြစ်ပေးမည့်အစား စည်းကမ်းတကျဆုံးမ၍လွှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်ကို ဗဟိုတရားရုံးက ထောက်ရှုဝေဖန်ခဲ့သည်။

ယခုပြစ်မှုနှင့်စပ်လျဉ်း၍သုံးသပ်ရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ သည် သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ ပြစ်ဒဏ်ပေးနိုင်သောပြစ်မှုဖြစ်ပေသည်။ မူလတရားရုံးက လျှောက်ထားခံရသူ ကိုခင်အောင်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က)အရ ဆိုဆုံးမလွှတ်သည့်အမိန့်သည် မှားယွင်းကြောင်းတွေ့ရသဖြင့် မူလတရားရုံးအမိန့်ကို ဗဟိုတရားရုံးအနေဖြင့် ပြင်ဆင်ပေးရန်ဖြစ်ကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။

အထက်ပါအကြောင်းကြောင့် ဤပြင်ဆင်မှုကို လက်ခံပြီးနောက် မြို့နယ်တရားရုံးက လျှောက်ထားခံရသူ ကိုခင်အောင်အပေါ် ဆိုဆုံးမ၍လွှတ်သည့်အမိန့်ကိုပယ်ဖျက်ပြီး ၎င်းအမိန့်အစား ကိုခင်အောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ အရ ဒဏ်ငွေ ၂၀၀ ကျပ်ထမ်းဆောင်စေ၊ ဒဏ်ငွေမဆောင်က အလုပ်နှင့်ထောင်သုံးလကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ **ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ကိုခင်အောင် ၁၉၈၅ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်(၄၉၅(ခ))** အမှုစီရင်ထုံးဖြစ်ပါသည်။ အထက်တွင်ရေးသားဖော်ပြခဲ့သော ပြစ်မှုဆိုင်ရာစီရင်ထုံးဖွဲ့ခဲ့သောအမှုများမှာ အောက်ရုံးတချို့၏ဆုံးဖြတ်ချက်ကို ဗဟိုတရားရုံးက ပြင်ဆင်တည့်မတ်ခဲ့ရကြောင်း မြင်သာပါသည်။ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းသည်လည်း အမှုကို စီရင်ဆုံးဖြတ်ရာတွင် အရေးကြီးသကဲ့သို့ ပြဋ္ဌာန်းဥပဒေနှင့်အညီ မူလရုံးများက စီရင်ဆုံးဖြတ်ရာတွင်လည်း သတိပြုဆင်ခြင်ရန်ဖြစ်ကြောင်း သိရှိနိုင်ကြပြီဖြစ်ပါသည်။

> **❖ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က)တွင် "ပြစ်မှုဆိုင်ရာဥပဒေအရ နှစ်နှစ်ထက်ပိုသည့် ထောင်ဒဏ်စီရင်ထိုက်သည့် ပြစ်မှုတစ်ခုခုနှင့်စီရင်ရာတွင် ၎င်းသူအပေါ်ရှိ အထက်က ပြစ်မှုထင်ရှားစီရင်ဖူးကြောင်းမထင်ရှားက ၎င်းစီရင်သည့်ရုံးမှ သင့်သည် ထင်မြင်လျှင် ကျူးလွန်သူ၏ အသက်၊ ယခင်က အကျင့်စာရိတ္တကောင်းကြောင်း၊ ကိုယ်ကာယအခြေအနေ စသည့်အချက်အလက်များနှင့်ပတ်သက်၍ လျှောက်ထားသင့်သည့်အခြားအကြောင်းများကို ထောက်ပြီး ၎င်းကိုအပြစ်ပေးမည့်အစား စည်းကမ်းတကျဆုံးမ၍လွှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်ကို ဗဟိုတရားရုံးက ထောက်ရှုဝေဖန်ခဲ့သည်။ ❖**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**အရာတော် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်း စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အရာတော်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲတီစိမ်းဧက ၄၁၉၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်း ဆောင်ရွက် ပေးသွားပါမယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး စသည်တို့ကို အသိပညာပေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် ရဲရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီးမြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ဦးကို ငွေကျပ် ၂၀ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်းကို ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ငါးသလဲထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ငါးသလဲထိုး ပိဿာချိန် ၃၈၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ငါးသလဲထိုးပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးသလဲထိုးတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လထဲမှာ ဖျာပုံမြို့နယ်ကနေ ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးသလဲထိုး ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိကတင်ပို့ရောင်းချနေတာပါ။ ငါးသလဲထိုးကို လက်ရှိလဲ ရန်ကုန်ဈေးကွက်က မှာယူမှုများနေပါတယ်။ အခုလိုကုန်ချိန်အများအပြား တင်ပို့ရတော့ လုပ်သားတွေအပါအဝင် ရေထွက်ကုန်ရောင်းဝယ်ရေးနဲ့ ပတ်သတ်သူတွေအကုန်အဆင်ပြေတာပေါ့"ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက်ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးညိုမြို့နယ် မြစ်သာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မိုးညို စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်း ပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆက်လက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်သာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# မိုးကောင်းမြို့နယ် ညောင်ထောက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း စက်တင်ဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရှင်ကျေးရွာအုပ်စု ညောင်ထောက်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၇ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ထောက်ကလေးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၆၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၃၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ်သိန်း ၉၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ငွေကျပ် ၄၈၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# အမှောင်မရင့်မီ

## နွေကုံကော်(မြို့လှ)



**ယမန်နေ့မှအဆက်**

"စာမဖတ်သူပပျောက်ရေး၊ စာမတတ်သူ တို့ဝိုင်းကူ၊ အလိမ္မာစာမှာရှိ"ဟူသော ဆိုင်းဘုတ်ကလေးများ ရေးထိုးထားသည့် စာကြည့်တိုက်ကလေးရှေ့သို့ ရောက်သောအခါ ဖွင့်ထားသော စာကြည့်တိုက်ကလေးအတွင်း လူတစ်ယောက် ဖုန်းတစ်လုံးဖြင့် အလုပ်များနေသည်ကိုတွေ့ရသည်။

စာကြည့်တိုက်ဘေး မြေကွက်လပ်မှာတော့ ကလေးတစ်သိုက် ဆော့ကစားနေကြသည်။ စာကြည့်တိုက်ကိုမြင်မှ လူတစ်ယောက်ကို သတိရမိသည်။ သူ့အတွေးပင်မဆုံးလိုက်၊ အဖေ့ဆီက ထပ်တူကျသော အတွေးတချို့ပွင့်အံကျလာသည်။

"မင်းဘဘ ဦးခင်ကျောင်းသာ ဒီနေ့ရွာအခြေအနေကိုမြင်ရင် ဘယ်လိုနေမလဲမသိဘူး၊ အခု ကလေးတွေကစားနေတဲ့နေရာမှာ မနက် ၁၀ နာရီလောက်ဆိုတာနဲ့ ယောက်ျား၊ မိန်းမတွေစုလာကြလိမ့်မယ်၊ လူစုံပြီဆိုတာနဲ့ ကစားဝိုင်းစတော့တာပဲသား။ ကစားနည်းတွေကတော့ အစုံပဲ၊ ဒီကစားနည်းမှာ စိတ်မပါတဲ့လူတွေကျတော့လဲ စောစောကဘိလိယက်ခုံမှာပေါ့ကွာ"

"ဦးစိန်ဝင်းတို့ ဦးမြင့်ဆွေတို့ကော"

စာပေလေ့လာလိုက်စားသူ အဖေ့မိတ်ဆွေနှစ်ယောက်ကို သတိရ၍ မေးမိသည်။

"သူတို့လဲမြေးတွေ၊မြစ်တွေနဲ့ ဟိုရောက်ဒီရောက်ဖြစ်နေကြတော့ အရင်လိုမစုံနိုင်တော့ဘူးပေါ့ကွာ"

ခေါင်းကိုသာ တွင်တွင်ယမ်းမိသည်။ ဘယ်ညာယမ်းလိုက်သောခေါင်းက ရွာလယ်လမ်းဆုံမှာ စိုက်ထူထားသော ဆိုင်းဘုတ်တွေကို မြင်မိပြန်၏။

"မူးယစ်အစ ဆေးလိပ်က၊ မူးယစ်ကင်းစင် အလှဆင်၊ ရှောင်လေ ဝေးဝေး မူးယစ်ဆေး" အစရှိသော ဆိုင်းဘုတ်မျိုးစုံက ဟန်ချက်ညီညီရှိနေကြ၏။ ဟိုစဉ်နှစ်များဆီက ဒီလိုဆိုင်းဘုတ်မျိုးများကို မတွေ့ခဲ့ရ။ အဘိုးအဘွား လူကြီးသူမတော်တော်များများ ဆေးလိပ်သောက် ကွမ်းစားခဲ့သော်လည်း မူးယစ်ဆေးသုံးစွဲခြင်းနှင့်ပတ်သက်သည့် အဆင့်မျိုးထိမရောက်ခဲ့ကြ။ ကွမ်းစား၍လည်းမသေ၊ ဆေးလိပ်သောက်၍လည်း မသေခဲ့ကြ။ အသက်တွေရှည်ခဲ့ကြသည်။

ယနေ့ခေတ်ကာလ ဘက်ပေါင်းစုံပျက်စီးယိုယွင်းမှုများကြားမှာတော့ ကွမ်းနှင့်ဆေးလိပ်သည်လည်း ဟိုစဉ်ကလို မဟုတ်တော့လေပြီ။

"အခုဆို ရွာထဲမှာ လူငယ်တွေက မူးယစ်ဆေးတောင်စမ်းချင်နေကြပြီသား၊ တစ်လောက သင်္ချိုင်းမှာ မူးယစ်ဆေးသုံးနေတယ် သတင်းရလို့ ရဲတွေတောင်ရောက်လာကြသေး"

လွန်ခဲ့သည့်နာရီဝက် ကားပေါ်ကဆင်းဆင်းချင်း ပျော်ရွှင်ကြည်နူးခဲ့ရသော ပီတိလေးများက အိမ်မရောက်သေးခင်မှာဘဲ ဆိုင်းဘုတ်များကပေးသော ခံစားမှုနှင့် မျက်မှောက်ရွာအခြေအနေများကြောင့် မချင့်မရဲဖြစ်လာရ၏။

ယခင်တုန်းက အဖေတို့မိတ်ဆွေ ဘဘဦးခင်ကျောင်းကြီးကြောင့် ဟိုနားတစ်စု သည်နားတစ်စု စာအကြောင်းပေအကြောင်း ဆွေးနွေးမှုလေးများ ရှိခဲ့သော်လည်း လက်ရှိအခြေအနေနှင့်တော့များစွာ ကွာဟခဲ့လေပြီ။ စာပေစကားဝိုင်း လူစုလူဝေးများ နေရာတွင် ကစားဝိုင်းများက အစားထိုးဝင်ရောက်ခဲ့ပြီဖြစ်၏။

"ကလေးတွေ နေ့လယ်ကျောင်းဆင်းလာရင် အမေတွေရှိတဲ့ ကစားဝိုင်းကိုလာ၊ အိမ်မှာ ဘာဟင်းမှချက်မထားရင် ပိုက်ဆံငါးဆယ်တစ်ရာပေးပြီး အကြော်ဝယ်စား၊ လက်ဖက်သုတ်ဝယ်စားနဲ့ ကလေးတွေကို ပြန်လွှတ်တာ။ သားသမီးတွေအရေးလဲ စိတ်မဝင်စား၊ ဒီတော့ကလေးတွေကလဲ ဖြစ်ချင်သလိုတွေဖြစ်ကြတော့တာပဲ၊ အခုဆိုရွာမှာ သင်္ကြန်ကာလနဲ့သီတင်းကျွတ်ကာလဆို မင်္ဂလာပွဲတွေကိုစိပ်လို့ပဲ၊ အေး.. ဆောင်တဲ့သူတွေ ကြည့်လိုက်ပြန်ရင်လဲ အသက်လေးတွေက ၂၀ တောင်ကောင်းကောင်း မပြည့်ချင်ဘူး သားရေ"

"တာဝန်ရှိသူတွေကကော ဘာမှမပြောဘူးလား အဖေရ"

"ဟား..ဟား.ဟား"

အဖေက သဘောကျစွာရယ်ပြန်သည်။

"ဟာ ဘာတွေ သဘောကျနေတာတုန်း ဦးမြရ၊ ဟေ ဝေမိုးကြီးကော အလည်ပြန်လာတာလား"

နွားတစ်ရှဉ်းဆွဲလျက် လယ်ထဲဆင်းဖို့ပြင်နေသည့် ဦးလှသောင်းက နှုတ်ဆက်လာ၏။

"ဟုတ်ကဲ့ဦး ခဏပြန်လာတာပါ၊ ဒေါ်လေးစိန်ကော နေကောင်းလား ဦး"

"ဟေ အေးအေး ကောင်းပါတယ်ကွာ"

သူ့အမေးကြောင့် ဦးလှသောင်းတစ်ယောက် မျက်စိမျက်နှာပျက်ကာ နွားနှစ်ကောင်ကို ကြိမ်တို့ပြီး ခပ်သုတ်သုတ်ထွက်သွားတော့၏။ ဦးလှသောင်း ထွက်သွားတော့ အဖေကပြုံးပြီး–

"ငါ့သားကတော့ကွာ လုပ်ချလိုက်ပြီ၊ အဖေကလဲ ရုတ်တရက်ဆိုတော့ အသိပေးချိန်မရလိုက်ဘူး၊ ကိုလှသောင်းက ရွာမြောက်ပိုင်းက မိတင့်နဲ့ ခိုးပြေးထားတာကွ၊ နောက်အိမ်ထောင်ဆိုပါတော့"

အဖေ့ရှင်းပြမှုကြောင့် အံ့အားသင့်လွန်းစွာ အာမေဋိတ်ပြုလိုက်မိသည်။ လက်ရှိ မိန်းမကြီးလည်းရှိ၊ အသက်တွေကြီး၊ သားသမီးတွေ အရွယ်ရောက်ခါမှ နောက်အိမ်ထောင်ပြုသည်ဆိုပါလား။ ဟိုဘက်က မိန်းမကလည်း မုဆိုးမဆိုပေမဲ့ သားတွေသမီးတွေနှင့်။

သူဘာကိုမှ နားမလည်နိုင်တော့။ အရင်က အချိန်တွေနဲ့နှိုင်းယှဉ်လျှင် ရွာအခြေအနေက ဂရင်းနစ်စံချိန်တင်ရပေတော့မည်။ ခပ်လှမ်းလှမ်း ရောက်သွားပြီဖြစ်သည့် ဦးလှသောင်းကြီးကို လည်ပြန်ကြည့်မိသေး၏။

"စောစောကစကားပြန်ဆက်ရရင် ရွာအတွက်ကောင်းရာကောင်းကျိုးလုပ်တဲ့လူကျရင် အတိုက်အခိုက်ကများသားကွ။ ကိုယ်တိုင်ကျတော့လဲ ထွန်းထွန်းပေါက်ပေါက်မလုပ်တတ်၊ အခုလို မီးရတယ်ဆိုတာကလဲ လက်ရှိဥက္ကဋ္ဌအားကြိုးမာန်တက်လုပ်လို့ရတာ။ ဒါကို သူ လူကြီးမလုပ်ရလို့ ငါ လူကြီးမလုပ်ရလို့ဆိုတဲ့ စိတ်တွေနဲ့အားနည်းချက်ရှာပြီး ထောက်နေကြတာ၊ ကိုယ်တိုင်လဲ အစွမ်းအစမရှိ၊ လုပ်တဲ့လူကျတော့လဲ အကောင်းမမြင်ဘဲ ကန့်လန့်တွေကလဲများသားကွာ။ ပိုဆိုးတာက အသက်တွေကြီးခါမှ အိမ်ထောင်ရေးဖောက်ပြန်ကြတာတွေပဲ"

အဖေပြောနေသည့် အကြောင်းအရာတွေက သူတို့ရွာတစ်နေရာတည်းမဟုတ်လောက်ဟု ဝေမိုးဆင့်ပွားတွေးလိုက်မိသည်။

"အခု ဥက္ကဋ္ဌ ကိုအောင်ဌေးကတော့ ရွာအတွက်တော်တော်စေတနာထားပါတယ်သားရာ မီးရအောင်လုပ်သလို မူလတန်းကျောင်းလေးဖြစ်လာအောင်လဲ ကြိုးစားတယ်။ ဒါကြောင့်လဲ အခုလို ဆိုင်းဘုတ်တွေ ချိတ်ပြီး တတ်နိုင်သရွေ့ ဆော်ဩတားမြစ်တာပေါ့၊ ဒါပေမဲ့လဲ ဒီဆိုင်းဘုတ်တွေချည်းကပဲ အလုံးစုံပြောင်းလဲပေးနိုင်တာမဟုတ်ဘူးလို့ အဖေကတော့ ယူဆတယ်"

အဖေ့ခံယူချက်နှင့် သူ့ယုံကြည်ချက်တွေက ထပ်တူကျနေခဲ့ပြန်သည်။

"သားကျောင်းတက်ခဲ့ရတဲ့ နိုင်ငံခြားမှာဆိုလဲ အခုလို ဆိုင်းဘုတ်တွေ ချိတ်ဆွဲပြီး လူတွေကို အသိပညာပေးတာနည်းပါတယ် အဖေရာ လိုအပ်တာ လောက်ပဲပြဋ္ဌာန်းပြီး ကျန်တာက ကိုယ့်ရဲ့ကိုယ်ကျင့်တရား၊ အမျိုးသားရေးစိတ်ဓာတ်ခံယူချက်တွေနဲ့ပဲ နေကြသူတွေပါ၊ သားတို့ကို ငယ်ငယ်ကတည်းက မင်္ဂလသုတ်တရားတော်တွေသင်ခဲ့ပေးပြီးသားပဲ၊ အဲဒီအတိုင်း လူလူချင်းကျင့်ကြံနေထိုင်မယ်၊ ကိုယ့်ရပ်ကိုယ့်ရွာကိုချစ်မယ်၊ ကိုယ့်နိုင်ငံကိုချစ်မယ်ဆိုရင် အခုလိုတွေဖြစ်လာနိုင်စရာ အကြောင်းမရှိပါဘူး၊ သားတို့ငယ်ငယ်က ဒီရွာလေးမှာ ဘာဆိုင်းဘုတ်မှ မရှိပါဘူး၊ ဆိုင်းဘုတ်မရှိတုန်းကတောင် ကောင်းအောင်နေခဲ့ကြသေးတာပဲ"

ရွာလမ်းများသည် အရင်ကလို မိုးတွင်းကာလ ရွှံ့တစီစီမဟုတ်တော့။ လှည်းသံ၊ နွားသံများအစား ဆိုင်ကယ်သံတဝီဝီက အစားထိုးလာသည်။ အိမ်တွေကလည်း သက်ငယ်မိုး ထရံကာများမှသည် မြေတိုက်အိမ်ကလေးများထိ ပြောင်းလဲလာခဲ့ကြသည်။ ပြောပြီးမှ ရန်ကုန်ကဆိုင်းဘုတ်တွေကိုမြင်ယောင်မိပြန်၏။

အခုတော့ မြို့ကြီးပြကြီးမှာသာလျှင်မဟုတ်၊ ဆိုင်းဘုတ်ယဉ်ကျေးမှုရွာအထိပါ ကူးလူးခဲ့ပြီဖြစ်သည်။ ရွာကလေးထဲ အာရုံနှစ်ထားသည်မို့ အဖေထပ်ပြောသည့်စကားများက နားထဲရောက်တစ်ချက် မရောက်တစ်ချက်။

မျက်မှောက်ကာလ ရွာသရုပ်သည် ခါထုတ်လိုက်သည့်အလား အတိတ်နှင့်ဆန့်ကျင်ဘက်တွေချည်းပင်။ သူ့နှလုံးအိမ်မှာ သတိရမိသော အတိတ်က ရွာကလေးတွင် စည်းလုံးညီညွတ်မှုရှိသောရွာသားများ၊ ဟီရိဩတ္တပ္ပတရားကြီးစိုးသော ရွာသားများ၊ မင်္ဂလာတရားတော်များကို အလေးထားလိုက်နာသော ရွာသားများ မှီတင်းနေထိုင်ခဲ့ကြဖူး၏။

ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်လာသည်အခါမှာတော့ သူတို့ရွာကလေးကိုလည်း ဘက်ပေါင်းစုံမတူကွဲပြားမှုများက အထိန်းအကွပ်မဲ့စွာ လွှမ်းမိုးသွားခဲ့လေပြီ။ သည်လိုရွာပေါင်း သူတို့နိုင်ငံထဲမှာ ဘယ်နှရွာများရှိနေပြီလဲမပြောတတ်။ မျက်မှောက်ကာလယဉ်ကျေးမှုများနှင့်ဆိုလျှင် သူ့ရွာမှာ ကြာကြာနေဖြစ်တော့မည် မဟုတ်တာတော့သေချာသည်။ သို့သော်လည်း ပစ္စက္ခအခြေအနေများအတွက် သူ တစ်ခုခုလုပ်ရဦးမည်။ သည်အတိုင်းကြီးတော့ သူ့ချက်မြှုပ်ဇာတိကို မျက်နှာလွှဲခဲပစ်မလုပ်နိုင်။ ဟုတ်သည် တစ်ခုခုတော့လုပ်ရပေဦးမည်။

ရွာအတွက် အတွေးစီမံချက်များချနေစဉ်မှာပဲ "ရွှေညည့်သည်ကြီး ရောက်ပြီဟေ့"ဟူသည့် အမေ့ဆီမှ အားရဝမ်းသာဆီးကြိုနှုတ်ဆက်သံက ကျယ်လောင်စွာထွက်ပေါ်လာခဲ့သည်။

အိမ်ထဲမရောက်ခင်မှာပဲ အဖေက နောက်ဆုံးစကားကိုဆက်၏။

"ခုဆို ရွာက ၂၄ နာရီ မီးရပြီ၊ မီးရပေမဲ့ လူတွေရဲ့ အကျင့်စာရိတ္တတွေနဲ့ အသိပညာတွေကတော့ အရင်ကထက်တောင် ပိုမှောင်နေတုန်းပါပဲကွာ"

# မျိုးသုဉ်းသွားခဲ့သော တောရိုင်းတိရစ္ဆာန်များ

ခိုင်ဇင်

ကမ္ဘာပေါ်တွင် တစ်ချိန်က သဘာဝပတ်ဝန်းကျင်အတွင်း ရှင်သန်နေထိုင်ခဲ့သော်လည်း ယနေ့တွင် လုံးဝပျောက်ကွယ်သွားပြီဖြစ်သည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များစွာရှိသည်။ တိရစ္ဆာန်မျိုးစိတ်တစ်မျိုး မျိုးသုဉ်းသွားခြင်းသည် ထိုမျိုးစိတ်တစ်ခုတည်း ဆုံးရှုံးခြင်းသာမက အစာကွင်းဆက်၊ ဂေဟစနစ်နှင့် သဘာဝမျိုးရိုးဗီဇကွဲပြားမှုများအပေါ်ပါ သက်ရောက်မှုရှိနိုင်သည်။ အချို့မျိုးစိတ်များသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် မျိုးသုဉ်းခဲ့ကြသော်လည်း အချို့မှာ လူသားတို့၏ အလွန်အကျွံအမဲလိုက်ခြင်း၊ နေထိုင်ရာဒေသများဖျက်ဆီးခံရခြင်းနှင့် လူသားတို့က အခြားဒေသများမှ တိရစ္ဆာန်များကို ယူဆောင်လာခြင်းတို့ကြောင့် အချိန်တိုအတွင်းပင် ပျောက်ကွယ်ခဲ့ကြခြင်းဖြစ်သည်။

**ဒိုဒိုငှက်**



ဒိုဒိုငှက်သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မော်ရစ်ရှပ်ကျွန်းတွင်သာ သဘာဝအလျောက်နေထိုင်ခဲ့သည့် မပျံသန်းနိုင်သော ငှက်မျိုးစိတ်ဖြစ်သည်။ ယခင်က ၎င်းတို့ကျက်စားရာ မော်ရစ်ရှပ်ကျွန်းပေါ်တွင် အန္တရာယ်ပေးနိုင်သည့် သားရဲတိရစ္ဆာန်များနည်းပါးသဖြင့် ဒိုဒိုငှက်များသည် မြေပြင်ပေါ်တွင် လွတ်လပ်စွာနေထိုင်လာခဲ့သည်။

၁၅၉၈ ခုနှစ်တွင် ဒတ်ချ်သင်္ဘောသားများ မော်ရစ်ရှပ်ကျွန်းသို့ ရောက်ရှိလာပြီးနောက် ဒိုဒိုငှက်များကို အမဲလိုက်သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် လူသားများက ကျွန်းသို့ ခွေး၊ ကြောင်၊ ဝက်စသည်တို့ကို ခေါ်ဆောင်လာခဲ့ရာ ထိုတိရစ္ဆာန်များက ဒိုဒိုငှက်များနှင့် ၎င်းတို့၏ဥများကို စားသုံးခဲ့ကြသည်။ ထို့ကြောင့် ဒိုဒိုငှက်အရေအတွက် လျင်မြန်စွာလျော့နည်းလာခဲ့ရသည်။ ဒိုဒိုငှက်သည် ၁၆၈၀ ပြည့်နှစ်နောက်ပိုင်းတွင် စတင်မျိုးသုဉ်းလာခဲ့သည်။ လက်ရှိတွင် ဒိုဒိုငှက်နှင့် ပတ်သက်၍ ရုပ်ကြွင်းများ၊ အရိုးစုများနှင့် DNA အချက်အလက်များကို အသုံးပြုကာ ၎င်း၏ ဆင့်ကဲဖြစ်စဉ်၊ နေထိုင်မှုပုံစံနှင့် မျိုးရိုးဗီဇဆိုင်ရာ အချက်အလက်များကို သိပ္ပံပညာရှင်များက ဆက်လက်လေ့လာနေကြသည်။ ဒိုဒိုငှက်မျိုးစိတ်၏အနီးစပ်ဆုံးမျိုးစိတ်မှာ နီကိုးဘားခိုဖြစ်ကြောင်း မျိုးရိုးဗီဇလေ့လာမှုများတွင် ဖော်ပြထားသည်။ ထို့ပြင် ဒိုဒိုငှက်ကို ပြန်လည်ဖန်တီးရန်ကြိုးပမ်းသည့် သုတေသနများရှိခဲ့သော်လည်း ယနေ့အချိန်ထိ ဒိုဒိုငှက်ကို အမှန်တကယ်ပြန်လည်ဖန်တီးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**တက်စမေးနီးယားကျား**



တက်စမေးနီးယားကျားဟု လူသိများသောကျားသည် တက်စမေးနီးယားပြည်နယ်တွင်ကျက်စားသည်။ ထိုမျိုးစိတ်သည် တကယ့်ကျားမျိုးစိတ်မဟုတ်ပေ။ ခွေးနှင့်ဆင်တူသည့်ကိုယ်ခန္ဓာရှိပြီး ကျောဘက်တွင် ကျားကဲ့သို့အစင်းကြောင်းများပါရှိသောကြောင့်တက်စမေးနီးယားကျားဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ဥရောပသားများ ဩစတြေးလျနိုင်ငံ တက်စမေးနီးယားပြည်နယ်သို့ အခြေချလာပြီးနောက် တက်စမေးနီးယားကျားများကို သိုးများအတွက် အန္တရာယ်ရှိသည်ဟုယူဆကာ အမဲလိုက်သတ်ဖြတ်ခဲ့ကြသည်။ ၁၈၈၈ ခုနှစ်တွင် နိုင်ငံအစိုးရက တက်စမေးနီးယားကျားအမဲလိုက်မှုအတွက် ဆုကြေးငွေပေးသည့်စနစ်ပင် စတင်ခဲ့ပြီး ၁၉၀၉ ခုနှစ်ထိ ပြုလုပ်ခဲ့သည်။ ထိုသို့ နေထိုင်ရာပျက်စီးမှု၊ အမဲလိုက်မှုများက ၎င်းတို့၏ အရေအတွက်ကျဆင်းမှုကို ပိုမိုဆိုးရွားစေခဲ့သည်။

၁၉၃၆ ခုနှစ်တွင် တက်စမေးနီးယားကျားများ လုံးဝမျိုးသုဉ်းသွားခဲ့သည်။ ယနေ့ခေတ်တွင် မျိုးသုဉ်းသွားသော တက်စမေးနီးယားကျားကို ပြန်လည်ဖန်တီးနိုင်ရေး သိပ္ပံပညာရှင်များက တက်စမေးနီးယားကျား တစ်ရှူးနမူနာများမှ DNA ကိုလေ့လာပြီး ပြန်လည်ဖန်တီးရန် ကြိုးပမ်းနေကြသော်လည်း လက်ရှိအချိန်ထိ ကျန်းမာသန်စွမ်းသော တက်စမေးနီးယားကျားတစ်ကောင်ကို ပြန်လည်ဖန်တီးနိုင်ခဲ့ခြင်း မရှိသေးပေ။

**ခရီးသည်ခို**



ခရီးသည်ခိုသည် မြောက်အမေရိကတွင် တစ်ချိန်က အလွန်ပေါများခဲ့သည့် ခိုမျိုးစိတ်ဖြစ်သည်။ ၁၉ ရာစုအစောပိုင်းတွင် ခရီးသည်ခိုအရေအတွက် ဘီလီယံနှင့်ချီရှိခဲ့ပြီး ၎င်းတို့အုပ်စုလိုက် ပျံသန်းသွားပါက ကောင်းကင်တစ်ခုလုံးကိုဖုံးလွှမ်းသွားသည်ထိ ဖြစ်ဖူးသည်။ သို့သော် လူဦးရေတိုးပွားလာခြင်းနှင့် စီးပွားဖြစ်အလွန်အကျွံဖမ်းဆီးသတ်ဖြတ်ခဲ့မှုများကြောင့် ခရီးသည်ခိုများ ကောင်ရေများစွာကျဆင်းခဲ့ရသည်။ ထို့ပြင် သစ်တောများကိုခုတ်ထွင်ပြီး စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲခြင်းက ၎င်းတို့၏နေထိုင်ရာများကို ဆုံးရှုံးစေခဲ့သည်။ ခရီးသည်ခိုမျိုးစိတ်သည် ၁၉၁၄ ခုနှစ်တွင် လုံးဝမျိုးသုဉ်းသွားခဲ့သည်။ ခရီးသည်ခိုကို ပြန်လည်ဖန်တီးနိုင်ရေးအတွက် သိပ္ပံပညာရှင်များက မျိုးရိုးဗီဇနှင့် DNA သုတေသနများပြုလုပ်ခဲ့ကြသော်လည်း လက်ရှိအချိန်တွင် ၎င်းမျိုးစိတ်ကို သဘာဝအတိုင်းပြန်လည်တည်ရှိလာအောင် လုပ်ဆောင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**ဂရိတ်ပင်လယ်ငှက်**



ဂရိတ်ပင်လယ်ငှက်သည် ကမ္ဘာ့မြောက်အတ္တလန္တိတ်သမုဒ္ဒရာဒေသတွင်နေထိုင်ခဲ့သည့် ပျံသန်းနိုင်ခြင်းမရှိသော ပင်လယ်ငှက်မျိုးစိတ်ဖြစ်သည်။ ဂရိတ်ပင်လယ်ငှက်သည် ယနေ့ခေတ်ပင်ဂွင်များနှင့် ပုံသဏ္ဍာန်အနည်းငယ်ဆင်တူသော်လည်း မျိုးရင်းချင်းမတူကြပေ။ ဂရိတ်ပင်လယ်ငှက်များသည် ရေထဲရှိငါးများကို ရေငုပ်ကာဖမ်းယူစားသောက်ပြီး ကျွန်းငယ်များပေါ်တွင် အုပ်စုလိုက်မျိုးပွားကြသည်။ ၎င်းတို့သည် လူသားများအတွက် ဖမ်းဆီးရလွယ်ကူသောငှက်များဖြစ်ခဲ့ပြီး အသား၊ ဥ၊ အမွေး၊ အဆီတို့အတွက် အလွန်အကျွံသတ်ဖြတ်ခံခဲ့ရသည်။ ၁၈ ရာစုနှောင်းပိုင်းမှစ၍ အရေအတွက်ပိုမိုလျော့နည်းလာပြီး ရှားပါးလာသည်နှင့်အမျှ ပြတိုက်များနှင့် စုဆောင်းသူများက ဥနှင့် အရေခွံများကို တန်ဖိုးကြီးစွာဝယ်ယူလာကြသဖြင့် အမဲလိုက်ဖမ်းဆီးမှု ပိုမိုဆိုးရွားလာခဲ့သည်။ ဂရိတ်ပင်လယ်ငှက်များသည် ၁၈၄၄ ခုနှစ်တွင် လုံးဝမျိုးသုဉ်းသွားခဲ့သည်။ ဂရိတ်ပင်လယ်ငှက်များကို ၎င်း၏ ရုပ်ကြွင်း၊ ဥခွံ၊ အရေခွံနှင့် DNA များကိုအသုံးပြု၍ ယနေ့တွင် သဘာဝအတိုင်း ပြန်လည်ရှင်သန်စေရန်ကြိုးပမ်းနေကြသည်။ ဂရိတ်ပင်လယ်ငှက်၏ ဥခွံဖွဲ့စည်းပုံကိုလေ့လာခြင်းဖြင့် မျိုးပွားမှုဆိုင်ရာ အချက်အလက်များကိုလည်း ပြန်လည်ဖော်ထုတ်နိုင်နေပြီဖြစ်ကြောင်း သိရသည်။

**ဂူဝက်ဝံ**



ဂူဝက်ဝံသည် လွန်ခဲ့သောရေခဲခေတ်ကာလတွင် ဥရောပနှင့် အာရှဒေသများ၌နေထိုင်ခဲ့သည့် အလွန်ကြီးမားသော ဝက်ဝံမျိုးစိတ်ဖြစ်သည်။ ယနေ့ခေတ်ဝက်ဝံများနှင့်နှိုင်းယှဉ်ပါက ခန္ဓာကိုယ်အရွယ်အစားပိုကြီးမားပြီး အများအားဖြင့် အပင်များကို အဓိကစားသုံးသည့်တိရစ္ဆာန်ဖြစ်သည်။ ဂူဝက်ဝံများ လုံးဝမျိုးသုဉ်းချိန်သည် အခြားတိရစ္ဆာန်များကဲ့သို့ တိကျသည့်ခုနှစ်မရှိသော်လည်း သိပ္ပံလေ့လာမှုများအရ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀၀ ခန့်က မျိုးသုဉ်းပျောက်ကွယ်ခဲ့ကြသည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

၎င်းတို့ မျိုးသုဉ်းရခြင်းမှာ ရေခဲခေတ်အဆုံးပိုင်းတွင် ရာသီဥတုအလွန်အမင်းအေးလာခြင်း၊ အစာရင်းမြစ်များလျော့နည်းလာခြင်း၊ လူသားများအလွန်အကျွံအမဲလိုက်ခြင်း စသည်တို့ကြောင့်ဖြစ်သည်။ လက်ရှိတွင် ဂူဝက်ဝံများမရှိတော့သော်လည်း ၎င်းတို့၏ အရိုးနှင့်သွားများမှ DNA များကိုထုတ်ယူကာ မျိုးရိုးဗီဇ၊ ဆင့်ကဲဖြစ်စဉ်နှင့် ကောင်ရေကျဆင်းလာမှုအကြောင်းများကို သိပ္ပံပညာရှင်များက လေ့လာနေသော်လည်း ဂူဝက်ဝံများကို ဖန်တီးနိုင်သေးခြင်း မရှိသေးပေ။

ယခုဖော်ပြပေးခဲ့သည်မှာ မျိုးသုဉ်းသွားခဲ့သော ဒိုဒိုငှက်၊ တက်စမေးနီးယားကျား၊ ခရီးသည်ခို၊ ဂရိတ်ပင်လယ်ငှက်၊ ဂူဝက်ဝံတို့နှင့် ပတ်သက်ပြီး ဗဟုသုတရရှိစေရန်ဖြစ်သည်။ ၎င်းတို့ မျိုးသုဉ်းသွားခဲ့ရမှုများကိုလေ့လာကြည့်ပါက လူသားတို့၏ အလွန်အကျွံအမဲလိုက်မှုနှင့် နေထိုင်ရာပျက်စီးမှုတို့ကြောင့်ဖြစ်သည်ကို တွေ့ရသည်။

မျိုးသုဉ်းပြီးသား တိရစ္ဆာန်တချို့ကို DNA နှင့် ရှေးဟောင်းမျိုးရိုးဗီဇနည်းပညာများဖြင့် ပြန်လည်ဖန်တီးနိုင်ရေး သုတေသနများပြုလုပ်နေကြသော်လည်း ထိုလုပ်ငန်းများသည် နည်းပညာပိုင်းအရ ရှုပ်ထွေးပြီး ကုန်ကျစရိတ်လည်း မြင့်မားသည်။ ထို့ထက်ပိုအရေးကြီးသည်မှာ မျိုးသုဉ်းသွားခဲ့သောမျိုးစိတ်များကို ပြန်လည်ဖန်တီးရန်ကြိုးပမ်းခြင်းထက် လက်ရှိရှင်သန်နေသော မျိုးသုဉ်းလုနီးပါးတိရစ္ဆာန်များကို မျိုးမသုဉ်းမီ ကြိုတင်ကာကွယ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

**ကိုးကား**


- Baca, M., Popović, D., Stefaniak, K., et al. (2016).
- Retreat and extinction of the Late Pleistocene cave bear (Ursus spelaeus sensu lato).
- The Science of Nature

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။


၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀) ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်)သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

**Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။**



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**ကုန်ဆုံးသွားသောစွမ်းအားများ**
**DAGON MALTA FRESH နဲ့ဖြည့်စွမ်းထား...**







ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၀၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်၊ ၄၀၁အိမ်ရာတွင် နေထိုင်လျက်ရှိပြီး CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးရဲရင့်အောင်(၁၂/ဒဂန(နိုင်)၀၀၀၁၃၇)၏သမီး မ၀တ်မှုံရွှေစင်အား **မ၀တ်မှုန်ရွှေစင်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မ၀တ်မှုန်ရွှေစင်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စလေ(ဘက) (၁) ကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မောင်သန့်ဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလွင်မိုး** ဖြစ်ပါကြောင်း။

ဦးလွင်မိုး(၉/ခမစ(နိုင်)၀၂၁၂၃၂)

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်သန်းဇော်၏သမီး မအိန္ဒြေမှူးခန့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိန္ဒြေမှူးခန့် ဖြစ်ပါကြောင်း၊ ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၁-၂၀၁၂ ဖြစ်ပါကြောင်း။

**မအိန္ဒြေမှူးခန့်၊ ၁၈-၁၁-၂၀၁၂**

**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက(၂)၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မအေးမြမြထွန်း၏ ဖခင်အမည်မှန်မှာ **ဦးသီဟ** ဖြစ်ပါကြောင်း။

**ဦးသီဟ**
**(၁/ဟပန(နိုင်)၀၀၉၈၀၉)**

## အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မိုးသောက်ကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်စိုးမင်း (၅/တဆန(နိုင်)၀၇၅၆၂၉)၏ သမီး မဆုပြည့်သဇင်ကျော်၏ အမည်မှန်မှာ **မစုပြည့်သဇင်ကျော်** ဖြစ်ပါကြောင်း။ **မစုပြည့်သဇင်ကျော်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ နန်းရှေ့ဖောင်တော်ဦး(ဘက)ကျောင်း ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မငွေရောင်လမင်း ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဝင်းဦး** ဖြစ်ပါကြောင်း။

ဦးဝင်းဦး(၉/သပက(နိုင်)၀၁၇၄၅၆)

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မိုးသောက်ကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊Grade-12 တွင် ပညာသင်ကြားနေသော မဖူးဖူးဇုံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဝေဠု** ဖြစ်ပါကြောင်း။

**ဦးဝေဠု(၅/ထခန(နိုင်)၀၅၂၄၅၆)**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊ နိဘယ်လ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တန်းတွင် ပညာသင်ကြားနေသော မောင်အံ့မင်းသန့်မောင်၏ ဖခင်အမည်မှန်မှာ ဦးစျာန်ဟိန်း ဖြစ်ပါကြောင်း။

**ဦးစျာန်ဟိန်း(၈/စလန(နိုင်)၁၅၄၅၅၂**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကျော်လင်း၏သား မောင်ဇင်ဘုန်းမြတ်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဇင်ဖုန်းမြတ်ဖြစ်ပါကြောင်း။ **မောင်ဇင်ဖုန်းမြတ်**

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့ဖောင်တော်ဦး(ဘက)ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးဝင်းအောင်၏သမီး မောင်ဖူးပြည့်ဖွန်အောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဖူးပြည့်ဖွန်အောင်** ဖြစ်ပါကြောင်း။ **မဖူးပြည့်ဖွန်အောင်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရတနာပုံ ယနေ့ဖတ်စရာ

**ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့လို့ နိုင်ငံ့စီးပွား မြှင့်တင်စို့**

ဆောင်းပါး စာမျက်နှာ - ၁၀

# IIMM ဆိုသည့် ယန္တရားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်

ဂျီနီဗာမြို့တွင် ၇-၉-၂၀၂၆ ရက်မှ ၉-၁၀-၂၀၂၆ ရက်ထိ ကျင်းပပြုလုပ်လျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ ၆၃ ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား(IIMM)ဆိုသည့်အဖွဲ့၏ အစီရင်ခံစာတို့အပေါ် ပေါင်းစပ်အပြန်အလှန်ဆွေးနွေးမှုကို စက်တင်ဘာ ၇ ရက်တွင် ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် IIMM ဆိုသည့် ယန္တရားကို စတင်ထူထောင်သည့်အချိန်ကတည်းက ယနေ့ထိ အသိအမှတ်ပြုခြင်းမရှိပါ။ အဆိုပါယန္တရားကိုယ်တိုင်သည်ပင်လည်း ဥပဒေကြောင်းရှုထောင့်(legal grounds) အရ အားနည်းချက်များစွာရှိပြီး နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသည့် (politically motivated) ရည်ရွယ်ချက်ဖြင့် ထူထောင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

IIMM သည် ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM)ဆိုသည့်အဖွဲ့က အစပြုခဲ့ခြင်းဖြစ်သည်။ FFM ဆိုသည်မှာ မြန်မာနိုင်ငံ၏ သဘောတူညီချက်(country consent) မပါဘဲ OHCHR က တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြင့် ထူထောင်ခဲ့သည့်အဖွဲ့အစည်းဖြစ်သည်။ ယင်းနောက် FFM ၏တွေ့ရှိချက်များအပေါ် မူတည်ပြီး သက်သေအထောက်အထားများကို ထိန်းသိမ်းထားနိုင်မည့် ပိုမိုခိုင်မာသောယန္တရားလိုအပ်သည်ဟု အကြောင်းပြုလျက် ၃၉ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ အရ ၂၀၁၈ ခုနှစ်တွင် IIMM ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအထွေထွေညီလာခံ (General Assembly)၏ ဆုံးဖြတ်ချက်အမှတ် A/RES/60/251 ဖြင့် တည်ထောင်ခဲ့သည့် ကုလသမဂ္ဂ၏လက်အောက်ခံအဖွဲ့အစည်း (sub-sidiary organ)ဖြစ်သည်။ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းကို နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်၊ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ဖျက်ဆီးခဲ့သော လမ်း၊ တံတားများကို ပြန်လည်ပြုပြင်တည်ဆောက်



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရေပူတံတား အရှည် ၄၅ ပေ သံဘောင်ဘေလီတံတား ကြမ်းခင်း ခင်းကျင်းနေမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် စက်တင်ဘာ ၈

တပ်မတော်စစ်ကြောင်းများက NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွားလမ်းကြောင်းတစ်လျှောက်ကို နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ပြည်သူလူထုအတွက်မငဲ့ကွက်ဘဲ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သော လမ်း၊ တံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံ

စာမျက်နှာ ၂၃ ကော်လံ ၁ ◆

# ကာလိ(၁) ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၄၂၀၃၀ ရှိသော နယ်မြေကို **“ကာလိ(၁)ကြိုးပြင်ကာကွယ်တော”** အဖြစ် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စာမျက်နှာ ၁၈ ကော်လံ ၃ ✱



# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့်ရှုံးထွက်ပွဲစဉ်များ၊ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၈

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း စာမျက်နှာ ၂၂ ကော်လံ ၁ ■

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၈

အားကစားရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်**(ယနေ့)** ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Chan-nel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)